# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက် ၊ စနေနေ့ ၊ (22-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၇၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ် နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းသစ် ၁၃ ခု ခွင့်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ် ၁၈ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အဆိုပါအစည်းအဝေး သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

# ထိုင်းနိုင်ငံက မြန်မာနိုင်ငံသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် လှူဒါန်းသော ကလေးများတွင် ထိုးနှံနိုင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer Vaccine ၁၀၀၀၀၀ doses နှင့် ဆေးထိုးအပ်များ ရောက်ရှိ




**ရန်ကုန် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ် စေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ဆင့် **စာမျက်နှာ ၁၆ ကော်လံ ၄ ☐**

**ထိုင်းနိုင်ငံက မြန်မာနိုင်ငံသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ဆင့် လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံစဉ်။**

**မြန်မာ့ကျောက်မျက် ရတနာပြပွဲ တတိယနေ့တွင် ပုလဲအတွဲ ၁၇၃ တွဲ ရောင်းချရ** စာမျက်နှာ - ၁၇

**အောက်တိုဘာ ၂၄ ရက် ဒီပါဝလီနေ့နှင့် နိဗ္ဗာန် ၄ ရက် တန်ဆောင်တိုင်ပွဲတော်ကာလတွင် အထူးရထားများ ပြေးဆွဲသွားမည်** စာမျက်နှာ - ၃




# မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၈၆၅ သန်းဖြင့် ZNH ကုမ္ပဏီနှင့် စိန်ထုပ်ကုမ္ပဏီက နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများမှ တာဝန်ရှိသူများကို မှာကြားသည်။

မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မဖောက်လုပ်ခြင်းလုပ်ငန်းကို ZNH ကုမ္ပဏီနှင့် စိန်ထုပ်ကုမ္ပဏီက ဩဂုတ် ၂၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ဒေသထွက် ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်းဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# နမ့်ခမ်းမြို့နယ် မန့်မိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ့်ခမ်း အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ မန့်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ နမ့်ခမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မန့်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ သဲဖြုန်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံ ငွေကျပ် ၃၉ ဒသမ ၆ သန်းဖြင့် ရွှေနှစ်တိုး ကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကျော်မိုး**

# အောက်တိုဘာ ၂၄ ရက် ဒီပါဝလီနေ့နှင့် နိုဝင်ဘာ ၄ ရက် တန်ဆောင်တိုင်ပွဲတော်ကာလတွင် အထူးရထားများ ပြေးဆွဲသွားမည်



**ရန်ကုန် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၄ ရက် ဒီပါဝလီနေ့နှင့် နိုဝင်ဘာ ၄ ရက် တန်ဆောင်တိုင်ပွဲတော်ကာလတွင် အထူးရထားများ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ် (၇) ရန်ကုန်တိုင်းဒေသကြီး လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ရုံးပိတ်ရက်ကာလများအတွက် အထူးရထားများ ပြေးဆွဲပေးရာ၌ ရန်ကုန်-မန္တလေး အထူးရထား ခရီးစဉ်အတွက် အောက်တိုဘာ ၂၄ ရက် ဒီပါဝလီနေ့တွင် အမှတ်(၅) အဆန်နှင့် အမှတ်(၆) အစုန် လေအိတ်ရထား နှစ်စင်း၊ လာမည့် နိုဝင်ဘာ ၄ ရက် တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း နေပြည်တော်-ရန်ကုန် အထူးရထား တစ်စင်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်-မန္တလေး အထူးရထားကို အပတ်စဉ် သောကြာနေ့နဲ့ တနင်္ဂနွေနေ့တို့မှာ ပြေးဆွဲပေးနေပေမဲ့ ရုံးပိတ်ရက်သုံးရက်ဆက်တိုက်ဖြစ်လို့ အမှတ်(၅) အဆန်နဲ့ အမှတ်(၆) အစုန် လေအိတ်ရထား နှစ်စင်းကို တနင်္လာနေ့ဖြစ်တဲ့ အောက်တိုဘာ ၂၄ ရက်မှာ အထူးရထားအဖြစ် တစ်ရက်ပိုမို ပြေးဆွဲပေးမှာဖြစ်ပါတယ်။ မီးရထားစီးခရီးသွားတွေအတွက် ပွင့်လင်းရာသီပိတ်ရက်ကာလတွေမှာ အထူးရထားတွေပြေးဆွဲပေးဖို့ ပြင်ဆင်မှုရှိနေပြီး လာမဲ့ တန်ဆောင်တိုင်ပိတ်ရက်အတွင်းမှာလဲ အထူးရထား ခရီးစဉ်တစ်ခု ပြေးဆွဲပေးမှာဖြစ်ပါတယ်"ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇) ရန်ကုန်တိုင်းဒေသကြီး လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပြသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများရထားဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် စီစဉ်ပေးလျက်ရှိရာ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများပြားလာသည့် အခြေအနေအပေါ် မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ် (၇) ရန်ကုန်တိုင်းဒေသကြီး လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပြ၍ သိရသည်။

ASH

# ဆင်ပေါင်ဝဲမြို့နယ် အလယ်ကန်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် အလယ်ကန်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အလယ်ကန်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ အလယ်ကန်ကျေးရွာ၌ နှစ်ဘီးသွား ကွန်ကရစ်လမ်း အရှည် ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၄၇ ဒသမ ၇၇၅ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဦး**

# သထုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂဟေဆက်သင်တန်းဖွင့်

**သထုံ အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂဟေဆက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။


ရှေးဦးစွာ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သထုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးမည့် အတတ်ပညာများကို လေ့လာသင်ယူပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ သထုံမြို့နယ်အတွင်းရှိ ကျုံပါကျေးရွာ၊ နောင်ဘိုကျေးရွာ၊ မိုးကောင်းကျေးရွာ၊ တောင်စွန်းကျေးရွာနှင့် အင်းပိုင်းကြီးကျေးရွာမှ သင်တန်းသား ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဂဟေဆက်နည်းနှင့်ပတ်သက်သည့်သင်ခန်းစာများကို ကျွမ်းကျင်ဆရာနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ၁၅ ရက်ကြာအခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၆၇)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် သမီးက အစာအိမ်အချဉ်ပေါက်တာကြာပါပြီ။ ဆေးသောက်လဲ ဧထပဲသက်သာသွားတယ်။ သိပ်မကြာဘူး ပြန်ဖြစ်တာပါပဲ။ အစာစားပြီးရင် အချဉ်ရည်တွေပြန်အန်တာပါ။ ဘာဆေးသောက်ရမလဲ၊ ကျေးဇူးပြုပြီး ဖြေပြပေးပါဆရာကြီး။**

ဖြေ ။ ။ အစာအိမ်က အချဉ်ရည်အန်ရင် အချဉ်အစပ်အရသာတွေရှောင်ပါ။ အသား၊ အထူးသဖြင့် နီတဲ့အသားတွေ ရှောင်ပါ။ ချိုတဲ့အရသာများများစားပါ။ ချိုတဲ့အသီး(ငှက်ပျောသီး၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး)တွေ စားပေးပါ။ ပျားရည်တစ်ဇွန်း နေ့စဉ်သောက်ပါ။ ပဲရာဇာလက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ် ရောပြုတ်သောက်ပါ။ လေပူကျဆေးသောက်ပါ။ တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲလျှက်ဆား လျက်ပေးပါ။

**မေး ။ ။ ဆရာကြီးရှင့် အစာအိမ်က မကြာခဏ အစာမကြေဖြစ်ပြီး ရင်တွေတောင့်ပြီး အသက်ရှူမဝသလို ခဏခဏဖြစ်လို့ ဘာဆေးသောက်ရမလဲရှင့်၊ ဆေးခန်းပြလဲ ဧထပဲသက်သာလို့ပါ။ ဖြေကြားပေးပါအုံးရှင့်။**

ဖြေ ။ ။ ရှောက်ရည်နဲ့ ပျားရည်ရောစပ်သောက်ပါ။ ထမင်းရည်ငှဲ့ချက် ထမင်းရည်ပူပူလေးမှာ ဆားအနည်းငယ်ထည့်သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၂) လေမျိုးရှစ်ဆယ်ဆေးသောက်ပါ။ လေပူကျဆေးသောက်ပါ။

**မေး ။ ။ ကျွန်မအမေက အသက် ၆၈ နှစ်၊ ကိုယ်အလေးချိန်က ပေါင် ၁၃၀ ပါ။ သွေးတိုးရောဂါရှိပါတယ်။ သွေးကျဆေးတစ်လုံး နေ့တိုင်းသောက်ရပါတယ်။ အရပြဖ်နေတာက ဒူးနာတာနဲ့ဆီးမထိန်းနိုင်တာပါ။ ဒူးနာတာက တစ်ခါတလေတော်တော်ဆိုးပြီး အထိုင်၊ အထကော်ပါတယ်။ ဆီးမထိန်းနိုင်တာကလဲ ညပိုင်းထပြီးဆီးသွားရမှာစိုးလို့ ညနေ ၆ နာရီနောက်ပိုင်းလောက်ဆို မစားမသောက်ရဲတော့ပါဘူး။ ဒါတောင်မှ ညကိုနှစ်ခါ၊ သုံးခါ ထရပါသေးတယ်။ တစ်ခါတစ်ရံ ညခဏခဏထရတော့ အိပ်ရေးတွေပျက်၊ နေမကောင်းဖြစ်ပါတယ်ရှင့်။ ညထရမှာ စိုးတော့ ရေမသောက်၊ ရေသောက်နည်း၊ လည်ချောင်းတွေခြောက်၊ ချောင်းတွေဆိုး အဲဒီလိုတွေလဲ ခဏခဏဖြစ်ပါတယ်ရှင့်။**

ဖြေ ။ ။ မုန်ညင်းဆီ ၁၀ ကျပ်သားမှာ ချင်းတက်သုံးကျပ်သားထည့် မီးနဲ့ချက်ထားပါ။ ဒူးဆစ်မှာလိမ်းပါ။ ဇာဒံရွက်(အရပ်ခေါ် ဘန်ဒါရွက်)အနုကိုမီးကင် ဒူးပေါ်မှာကပ် ပတ်တီးစည်းထားပါ။ တစ်ခါစည်းရင် ငါးနာရီကြာစည်းပါ။ ခုနစ်ရက်ဆက်တိုက်စည်းပါ။ ဆီးမထိန်းနိုင်တာအတွက် ဆီးဖြူသီးကိုပြုတ်ပြီး ထောင်းစားပါ။ ရှုံးပတီသီးနေ့စဉ်စားပါ။ ကျားမနိုင်နွယ်မြစ်သွေး ဆီးခုံမှာလိမ်းပါ။ ကရမက်ကိုသွေး ဟင်းစားဇွန်း တစ်ဇွန်းလောက်သောက်ပေးပါ။

**မေး ။ ။ မင်္ဂလာပါဗျ။ ကျွန်တော်အသက် ၃၂ နှစ်၊ လက်ရှိက ကိုရီးယားမှာပါ။ နည်းနည်းဝပါတယ်။ ကိုယ်အလေးချိန်က ကီလို ၇၀ ရှိပါတယ်။ ည ၁၂ နာရီကျော်မှအိပ်ရင် အိပ်မရတော့ပါဘူး။ ရောဂါက ခေါင်းနာလို့ပါ။ အရင်နှစ်တွေကလဲနာဖူးပါတယ်။ ဒါပေမဲ့ အခုတစ်ခါက သာမန်လိုခပြီး နာတာကနေတောပါ။ ဆေးရုံသွားပြလိုက်တာ ဆေးရုံက MRI ရိုက်စစ်လိုက်တော့ ဓါးရိုးအနှထွက်နေတယ်လို့ပြောတယ်။ ကျိုးပေါင်းရောဂါအမျိုးအစားလို့ဆိုပါတယ်။ ဆေးထိုးလိုက်ရင် သက်သာနိုင်တယ်ဆိုပြီး ဆေးထိုးလိုက်တာ ပထမဆေးတုန်းက ကောင်းတယ်။ ဒုတိယဆေးထိုးပြီးနောက်ပိုင်း ဓါးကလဲတအားနာ၊ ညာဘက်ခြေထောက် တစ်လျှောက်လုံး အကြောတွေနာလာတယ်။ ခြေမျက်စိအောက်နားကလဲ ထုံကျင်လာတယ်။ လက်ရှိတော့ သူတို့ပေးတဲ့ ဆေးတွေသောက်နေပါတယ်။ မသက်သာပါဘူး။ ဆေးအမည်ကတော့ မသိရဘူးဗျ။ ကိုရီးယားလိုရေးထားတဲ့ ခတွေမို့ပါ။ အဲဒါအကြောပြင်ပြီး ကုသမယ်ဆိုရင် ပျောက်ကင်းနိုင်ပါသလားဗျ။**



ဆေးဖက်ဝင် ဗာဒံရွက်ကို တွေ့ရစဉ်။

ဖြေ ။ ။ ကိုရီးယားမှာဆိုတော့ ဆေးလဲ ပေးမရတော့ ခါးကြောညပ်သူတွေ ရောဂါသက်သာစေတဲ့ နည်းတစ်နည်းကို ပေးပါမယ်။

**ခါးနာ၊ အကြောညပ်၊ ပေါင်၊ ခြေသလုံးကိုက် ဆားနင်းကုသနည်း–**

ဆားကြမ်းနှစ်ပိဿာကို ဆန်ကောဒါမှမဟုတ် လင်ပန်းထဲမှာပုံ။ အပေါ်က ပုဆိုးဟောင်း အဝတ်ဟောင်းအုပ်ပြီး မတ်တတ်ရပ်နင်းပါ။ ဘယ်ညာခြေဖဝါး နှစ်ဖက်ကျအောင်နင်းပါ။ ထိုသို့ နင်းနေချိန်မှာ ခါးကြောညပ်သူဟာ ခါးမှာ ရေစိုအဝတ်ပိုင်းကို ရေကုန်အောင်ညှစ်ပြီးပတ်ထားပါ။ ဆားနင်းနေရင်း ရေစိုအဝတ် ခြောက်သွားတာကို တွေ့ရပါလိမ့်မယ်။ ဤနည်းဖြင့် ခါးကြောညပ်၊ ခါးနာ၊ ပေါင်၊ ခြေသလုံးကိုက်သူတွေ သက်သာပျောက်ကင်းဖူးပါတယ်။ ခုနစ်ရက်ကနေ ၁၄ ရက်ထိပြုလုပ်ပါ။ ခန္ဓာကိုယ်ကို လဲလျောင်းပြီး ခါးမှာ ရေစိုအဝတ်ပတ် အခြားသူက ခြေဖဝါးဆားပွတ် ရေလောင်းပေးရင်လဲ ရပါတယ်။

**မေး ။ ။ ဆရာ ခါးကျိုးပေါင်းကို ပျောက်အောင် ကုသမယ်ဆိုရင် အချိန်အားဖြင့် ဘယ်လောက်ကြာနိုင်ပါသလဲ။ ကျွန်တော်က ပြည်ပကနေလာရမှာ အချိန်အတိုင်းအတာ သိချင်လို့ပါ။**

ဖြေ ။ ။ ကျိုးပေါင်းရောဂါဆိုတာ လွယ်လွယ်နဲ့ ပျောက်တဲ့ရောဂါမဟုတ်ပါ။ ပျောက်ကင်းအောင် အာမခံကုသဖို့ကတော့ မလွယ်ပါဘူး။ အကြောပြင်၊ ကြပ်ထုပ်ထိုး၊ ဆေးအုံ၊ ဆေးကပ်ကုသရင်တောင် ၄၅ ရက်ကနေ ခြောက်လထိကြာတတ်ပါတယ်။ ကျိုးပေါင်းနဲ့အကြောလွတ်ဖို့ အတွက်ကတော့ ၁၄ ရက်လောက်ကုသရင် ရနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် ညာဘက်မျက်စိက ဖြင်ကောင်လောက်ရှိတဲ့ အမည်းစက်လေးက မျက်လုံးကြည့်တိုင်း ရွေ့နေပါတယ်။ သုံးလကျော်ရှိပါပြီ။ ဆရာဝန်ပြတာ မျက်စဉ်း တစ်လစာတိုက်ပေးပါတယ်။ မပျောက်ပါ။ အခုဘယ်ဘက်မျက်စိပါ ထပ်ဖြစ်တာ တစ်ပတ်လောက်ရှိပါပြီ။ ဘယ်လိုကုသရမလဲဆိုတာ ဖြေကြားပေးပါ ဆရာကြီးရှင့်။**

ဖြေ ။ ။ ကျားမနိုင်နွယ်မြစ် ပရဆေးဆိုင်မေးဝယ်ပါ။ သွေးပြီးမျက်စိကွင်းပါ။ ကွမ်းရွက်ကို ပြားစေ့လောက်ဖဲ့ပြီး မျက်စိအတွင်းထောင့်နှစ်ဖက်မှာကပ်ထားပါ။ တိုင်းရင်းဆေးအမှတ်(၁၂) စကြာ့ပါလဆေး ညအိပ်ရာဝင်သောက်ပါ။ အပူအစပ်ရှောင်ပါ။ နွားနို့အစိမ်း ဆားခတ်သောက်ပါ။ ညအိပ်ရာဝင်ခြေဖဝါးဆားပွတ် ဒူးအထက်မှအောက် ရေလောင်းခြေဆေးအိပ်ပါ။

**မေး ။ ။ ပါးရွဲ့ရောဂါဖြစ်နေလို့ပါဆရာ။ ဆေးခန်းပြကြည့်တော့ Facial palsy လို့ ပြောပါတယ်။ ပြေတဲ့နေ့ကစပြီး ဆေးနစ်ရက်ထိုးပါတယ်။ သောက်ဆေးလဲ တစ်နေ့ သုံးကြိမ်သောက်ရပါတယ်။ မျက်နှာဖြစ်တဲ့ဘက်ကိုလဲ သံပရာသီးနဲ့လိမ့်ပေးပါတယ်။ ဒါပေမဲ့ ထင်သလောက် မပျောက်ကင်းဘူးရှင့်။ ဒီနေ့နဲ့ဆို ဖြစ်တာသုံးရက်ရှိပါပြီ။ မျက်စိတစ်ဖက်က မှိတ်လို့မရဘူး။ ရေငုံရင်ဖြစ်တဲ့ဘက်က ရေထွက်ကျတယ်။ တံတွေးလဲ ထွေးမရပါဘူးရှင့်။ ဘယ်နရက်လောက်ကြာရင် ပျောက်မှာလဲရှင့်။ မှန်ကြည့်ရင်း ရွဲ့နေတာတွေ့တော့ ရှက်လို့ပါ။ ဆရာဝန်ပြောတာတော့ ၁၀ ရက်လောက်နေရင် ပျောက်မယ်တဲ့။ ဆေးခန်းလာမပြရင်တောင် ရတယ်လို့ ပြောပါတယ်။ ကျွန်မအလွန်စိတ်ပူပြီး စိတ်သောကရောက်နေလို့ပါ။ ကျေးဇူးပြုပြီး နည်းလမ်းလေးရှိရင် ပြောပြပေးပါလားဆရာ။**

ဖြေ ။ ။ ပါးရွဲ့ရင် အလင်းရောင်မထွက်ရ၊ တီဗီမကြည့်ရ။ မျက်ရည်ကျပြီး မျက်လုံးပါ ကျယ်လာတာ မျက်ကျယ်ပါးရွဲ့ရောဂါ ဖြစ်တတ်တယ်။ သူများပြောသံကြားနဲ့ သံပရာသီးမလိမ့်ပါနဲ့။ ပိုရွဲ့သွားတတ်တယ်။ အလိမ့်များရင် အကြောရောင်ပြီး အကြောပြင်ဆရာ ကိုင်မရဖြစ်တတ်တယ်။ တဘက်ကို ရေနွေးနဲ့စိမ်ညှစ်ပြီး ပါးမှာကပ်ပေးပါ။ မျက်စိကျယ်သွားတဲ့ဘက်က ပါးရွဲ့တဲ့ဘက်ဖြစ်ပါတယ်။ ဆွဲယူသွားတဲ့ဘက်က အကောင်းဖြစ်တယ်။ မုန်ညင်းဆီငါးကျပ်သားမှာ ချင်းတက် လက်တစ်ချောင်းစာ ထုခြေထည့်မီးနဲ့ ဆူအောင်ချက်ထားပါ။ အဲဒီ ဆီနွေးနွေးကိုပါးနှစ်ဖက်လုံးလိမ်းထားပါ။ ကွမ်းရွက်မီးကင်ပါးမှာကပ်ပေးပါ။ မိဿလင်မှုန့်ဝယ် ကြပ်ထုပ်လုပ် ရေနွေးငွေ့ခံပြီး ပါးမှာထိုးပေးရင် အမြန်သက်သာပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်ရဲ့ ဖခင်အသက် ၇၀ ကျော်မှာ ချော်လဲရာက ညာဘက်လက်မောင်းနဲ့ ပခုံးမှာရိုက်မိပြီး ဆေးကုသမှုခံယူရဖူးပါတယ်။ ဆေးကုသမှုကြောင့် ရိုက်မိဒဏ်တွေပျောက်ကင်းသွားပေမဲ့လဲ လက်ကအထက်ကိုမြှောက်မရဘဲ တဖြည်းဖြည်းလက်မောင်းကပ်ရောဂါဖြစ်လာတယ်။ တောရှောက်မြစ်၊ ဝံအူမြစ်၊ ရှင်းစိမ်ထားတဲ့ အရက်ဦးရည်လိမ်းပါတယ်။ အကိုက်အခဲသက်သာပေမဲ့လဲ လက်ကမြှောက်မရပါ။ အကျ ချွတ်ရင် လက်မြှောက်ဖို့ အခက်အခဲရှိလို့ အခြားသူကချွတ်ပေးရပါတယ်။ အဲဒီလက်မောင်းကပ်ရောဂါ ပျောက်ဖို့ ဘယ်လိုဆေးမျိုး သုံးစွဲရမလဲဆိုတာ လမ်းညွှန်ပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ လက်မောင်းကပ်ရောဂါဟာ ခိုက်မိဒဏ်တစ်ခုခုကြောင့် နာကျင်လို့ လက်ကိုမလှုပ်ဘဲ ငြိမ်ငြိမ်ထားရာကနေ ကြာတဲ့အခါ တဖြည်းဖြည်း အကြောတွေဆိုင်းပြီးကပ်သွားတတ်ပါတယ်။ လက်မောင်းကပ်ရင် လေ့ကျင့်ခန်းပြုလုပ်ပါ။ လက်ကိုမြှောက်တာ၊ ကွေးတာ၊ ဆန့်တာ အကြိမ် ၂၀ လောက်ပြုလုပ်ပေးပါ။ တစ်နေ့ သုံးကြိမ်ပြုလုပ်ပါ။ တတ်နိုင်သမျှ အနာခံပြီးပြုလုပ်ပါ။ လက်မောင်းကပ်ရောဂါဟာ သန့်တဲ့ဘက်ကဖြစ်ရင် ပိုပြီးပျောက်လွယ်ပါတယ်။ ဥပမာ-ညာသန့်ဖြစ်ရင် ညာဘက်လက်က အသုံးများလို့ပျောက်လွယ်တယ်။ မသန့်တဲ့ ဘယ်လက်မှာဖြစ်ရင် အသုံးနည်းလို့ ပျောက်ခဲတယ်။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရင် ၁၄ ရက်အတွင်း ပျောက်ကင်းနိုင်ပါတယ်။ ကြပ်ထုပ်ထိုးကုသတာကလဲ အထောက်အကူဖြစ်ပါတယ်။ ဆားကြပ်ထုပ် ထိုးနိုင်ပါတယ်။ မိဿလင်ကြပ်ထုပ်ကတော့ အကောင်းဆုံးပါ။ မုန်ညင်းဆီလိမ်းပြီး ရေနွေးခံကာထိုးပေးပါ။ ချင်းခြောက်အမှုန့် သုံးဆ၊ လင်းနေအမှုန့် တစ်ဆ၊ သစ်ကြံပိုးအခေါက်မှုန့်တစ်ဆ ရောပြီး ရေနွေးနဲ့ဖျော် လက်မောင်းဆုံမှာ အုံပြီးစည်းပေးရင် လက်မောင်းကပ်ရောဂါ ပျောက်ကင်းနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက် ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြန်မာပြည်၏ မိုးကောင်းကင်

- ရိုးမတောင်တန်း မြောင်စခန်းနှင့်
စိမ့်စမ်းဖြာသွန် ရေတံခွန်နှင့်
လှိုင်းမွန်ရေပြာ မြစ်ရောနှင့်
လယ်ယာဆည်မြောင်း အင်းအိုင်ချောင်းနှင့်
တန်ဆောင်း ပြာသာဒ် ကျောင်းဇရပ်နှင့်
ကောင်းမြတ်မွေသရီ စေတီ ပုထိုး
ဂူမျိုးမျိုးနှင့်
ဖွံ့ဖြိုးဝေစည် မြန်မာပြည်။

- တစ်မြေတည်းဖွား တိုင်းရင်းသားတို့
ရိုးသားလိမ္မာ ချစ်ကြည်စွာဖြင့်
မေတ္တာသစ္စာ နှောင်ဖွဲ့ကာဖြင့်
ကမ္ဘာတည်မျှ သွေးစည်းကြလျက်
ချိုမြအသည်း မခွဲတူယှဉ်
တို့ရင်ထဲက မြန်မာပြည်။

- ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
စွမ်းအားပေါင်းစု ညီညွတ်မှုဖြင့်
ပြည်သူ့အားမာန် တို့နိုင်ငံတွက်
အသက်ချင်းထပ် ဘဝအပ်၍
မြတ်နိုးချစ်ကြ စောင့်ရှောက်ကြလျှင်
မြူမှုန်ဘယာ ဝေ့မလာဘဲ
ရပ်ရွာရွှေပြည် ဖွံ့ဖြိုးစည်အုံ
မြန်မာပြည်၏ မိုးကောင်းကင်
တိမ်လွှာပန်းများ အလှဆင်။
ငြိမ်းချမ်းရေးပန်း လန်းစေချင်။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၅၄၁၈ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၅၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံဧက ၉၀၀၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲမျိုးစုံဧက ကိုးသောင်းကျော်စိုက်ဖို့ လျာထားပါတယ်။ အခုလက်ရှိမှာတော့ ငါးသောင်းကျော် စိုက်ပြီးသွားပါပြီ။ ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းနဲ့အရည်အသွေးကောင်းတဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့လဲ ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၁၂၁၄ ဧက၊ မတ်ပဲ ၃၁၂၂၂ ဧက၊ ပဲလွမ်း ၅၂ ဧက၊ စွန်တာပြာ ၇၂၁၉ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ ထောပတ်ပဲ ၃၇၉၇ ဧကနှင့် အခြားပဲ ၅၂၁ ဧက စုစုပေါင်း ၅၅၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧကလျာထားမှုအနေဖြင့် ပဲတီစိမ်း ၂၂၄၁၄ ဧက၊ မတ်ပဲ ၃၂၅၃၂ ဧက၊ ပဲလွမ်း ၂၃၈၃ ဧက၊ စွန်တာပြာ ၇၂၉၃ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ ထောပတ်ပဲ ၃၇၈၇ ဧက၊ ကုလားပဲ ၆၈၄၇ ဧက၊ စားတော်ပဲ ဧက ၁၀၄၀၀ နှင့် အခြားပဲ ၃၀၃၂ ဧကတို့ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ (၂၀၆)



# ရပ်စောက်မြို့နယ် တောယားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ရပ်စောက် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အလည်ချောင်ကျေးရွာအုပ်စု တောယားကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက တောယားကျေးရွာတွင် နေကြာ(အဓိက)အပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့်စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာစွာ ချေးငွေများ (အရင်းမပျောက်မတည်ရန်ပုံငွေများ) ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောယားကျေးရွာတွင် နေကြာနှင့် နှမ်းစိုက်ပျိုးမည့် တောင်သူဦးရေ ၅၀ ကို ရန်ပုံငွေကျပ်သိန်း ၂၀၀ တောင်သူတစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဖာပွန်မြို့နယ် ကမမောင်းမြို့ ရပ်ကွက်(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖာပွန် အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမမောင်းမြို့ ရပ်ကွက်(၂)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက ရပ်ကွက်(၂)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းဆွေက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် ကမမောင်းမြို့ ရပ်ကွက်(၂)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အသင်းသားများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

# နိုင်ငံတကာ သတင်းများ

## ဗြိတိန်ဝန်ကြီးချုပ် Liz Truss ရာထူးမှနုတ်ထွက်ပေးမည့်အစီအစဉ် ကြေညာ

**လန်ဒန် အောက်တိုဘာ ၂၁**

မအောင်မြင်ခဲ့သည့် စီးပွားရေး အစီအစဉ်တစ်ရပ်ကြောင့် ကွန်ဆာဗေးတစ်ပါတီလွှတ်တော်အမတ်များ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် Liz Truss က ရာထူးမှ နုတ်ထွက်ပေးမည့်အစီအစဉ်ကို အောက်တိုဘာ ၂၀ ရက်တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိအနေဖြင့် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ရွေးပွဲ၌ ပေးထားသည့်ကတိကဝတ်များကို ဖြည့်ဆည်းနိုင်မှုမရှိခဲ့ဘဲ ပါတီ၏ယုံကြည်မှုကိုပါ ဆုံးရှုံးခဲ့ရကြောင်း ဝန်ကြီးချုပ် Liz Truss က ဒေါင်းနင်းလမ်းအိမ်တော်မှတစ်ဆင့်ထုတ်ပြန်ခဲ့သော ကြေညာချက်၌ ဝန်ခံထားသည်။

မိမိအနေဖြင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည့် အစီအစဉ်ကို ချားလ်ဘုရင်-၃ ထံ တင်ပြအသိပေးထားကြောင်း Liz Truss က ပြောကြားခဲ့သည်။

ရာထူးနုတ်ထွက်မည့် အစီအစဉ်ကို ကြေညာချိန်တွင် Liz Truss ၏ ဝန်ကြီးချုပ်ရာထူးရယူမှုကာလမှာ ၄၄ ရက်သာရှိခဲ့ရာ ဗြိတိန်သမိုင်းတစ်လျှောက် ရာထူးသက်တမ်းအတိုဆုံးဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်ခဲ့ရသည်။

ရာထူးမှနုတ်ထွက်မည့်အစီအစဉ်ကို Liz Truss က ကြေညာခဲ့ပြီးနောက် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲကို လာမည့်သီတင်းပတ်အတွင်း အပြီးကျင်းပရမည်ဖြစ်ကြောင်း သိရသည်။

KKO



## ဂျာဗားလူကျောက်ဖြစ်ရုပ်ကြွင်းများပြန်ပေးရန် နယ်သာလန်နိုင်ငံကို အင်ဒိုနီးရှားတောင်းဆို



**ဂျကာတာ အောက်တိုဘာ ၂၁**

ဂျာဗားလူ (Java Man) ၏ ကျောက်ဖြစ်ရုပ်ကြွင်း အရိုးများအပါအဝင် အင်ဒိုနီးရှားပြတိုက်များမှ ယူဆောင်သွားသော သမိုင်းအမွေအနှစ် ရှစ်မျိုးကို ပြန်ပေးရန် အင်ဒိုနီးရှားနိုင်ငံက နယ်သာလန်နိုင်ငံထံ တောင်းဆိုထားကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားကျွန်းစုသည် ၁၈၀၀ ပြည့်နှစ်မှ ၁၉၄၉ ခုနှစ်ထိ ဒတ်ချ်အရှေ့အင်ဒီးစ်နယ်မြေ ဟူသောအမည်ဖြင့် နယ်သာလန်၏ကိုလိုနီနယ်မြေဖြစ်ခဲ့ဖူးသည်။

၎င်းကာလအတွင်း အင်ဒိုနီးရှားပြတိုက်များမှ ယူဆောင်သွားသည့် အဆိုပါ ရှေးဟောင်းအမွေအနှစ် ရှစ်မျိုးကို လုယက်ခံခဲ့ရသည့် အမွေအနှစ်များအဖြစ် အင်ဒိုနီးရှားနိုင်ငံက စာရင်းသွင်းထားသည်။

အင်ဒိုနီးရှားအစိုးရက နယ်သာလန်နိုင်ငံထံမှ ပြန်လည်တောင်းခံထားသော ပစ္စည်းများထဲတွင် ဂျာဗားလူကျောက်ဖြစ်ရုပ်ကြွင်းများအပြင် ဂျာဗားကျွန်း ဆင်ဂိုဆာရီဒေသမှ ရှေးဟောင်းရုပ်တုများနှင့် အင်ဒိုနီးရှား အမျိုးသားသူရဲကောင်းတစ်ဦးပိုင်ဆိုင်သော ကုအာန်ကျမ်းစာအုပ်လည်း ပါဝင်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားသည်။

၁၉ ရာစုခေတ်အတွင်း ဂျာဗားကျွန်း၌ တူးဖော်တွေ့ရှိခဲ့ရသည့် ဂျာဗားလူ ကျောက်ဖြစ်ရုပ်ကြွင်းသည် ရှေးဦးမတ်ရပ်လူများ(Homo erectus) များ၏ ပထမဆုံးကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်။

ဂျာဗားလူကျောက်ဖြစ်ရုပ်ကြွင်းကို ဒတ်ချ်မနုဿဗေဒပညာရှင် ယူဂျင်းဒူးဘွိုက်စ်က ၁၉ ရာစုခေတ်၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ခုံရုံးက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို အစိုးရရာထူးရယူခွင့်ပိတ်ပင်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၂၁**

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို အစိုးရရာထူးများ ရယူရန် မသင့်လျော်သူအဖြစ် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတ်မှတ်ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြည်ပဧည့်သည်တော်များနှင့် နိုင်ငံအကြီးအကဲများက ပေးသည့် နိုင်ငံတော်လက်ဆောင်ပစ္စည်းများကို တရားမဝင်ရောင်းချခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင် ခုံရုံးက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို အစိုးရတာဝန် ထမ်းဆောင်ခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ပြည်ပခရီးစဉ်များအတွင်းရရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၃၀၀၀၀ ကျော်တန်ဖိုးရှိသည့် နိုင်ငံတော်လက်ဆောင်ပစ္စည်းများကို တရားမဝင်ရောင်းချရေးအတွက် ရာထူးနေရာကို အလွဲသုံးစားပြုခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်ခုံရုံးက စွပ်စွဲထားသည်။

သို့ရာတွင် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ခုံရုံး၏ အထက်ပါစွပ်စွဲချက်ကို ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက ငြင်းပယ်ထားသည်။

အလားတူ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အထက်ပါစွပ်စွဲချက်နှင့်ပတ်သက်၍ စီရင်ချက်ချပိုင်ခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ ထိုစီရင်ချက်ကို ဥပဒေကြောင်းအရ စိန်ခေါ်မည်ဖြစ်ကြောင်း အီမရန်ခန်း၏ ဥပဒေအကျိုးဆောင်အဖွဲ့ကလည်း ပြောကြားထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် အတိုက်အခံများ၏ အယုံအကြည်မရှိအဆိုကြောင့် ယခုနှစ်ဧပြီလက ရာထူးက ဖယ်ရှားခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

KKO

## သမ္မတအာဏာကန့်သတ်ရေးဖွဲ့စည်းပုံပြင်ဆင်ချက် သီရိလင်္ကာလွှတ်တော်အမတ်များ စတင်ဆွေးနွေး

**ကိုလံဘို အောက်တိုဘာ ၂၁**

သမ္မတတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့်အာဏာကို ကန့်သတ်ပေးထားသည့် အဆိုပြုဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို သီရိလင်္ကာလွှတ်တော်အမတ်များက အောက်တိုဘာ ၂၀ ရက်တွင် စတင်ဆွေးနွေးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်းထန်သည့် ဘဏ္ဍာရေးအကျပ်အတည်းနှင့်အတူ ပေါ်ထွက်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် သမ္မတနှင့် အဓိကအစိုးရအဖွဲ့ဝင်ဝန်ကြီးများ နုတ်ထွက်ခဲ့ရပြီးနောက် သမ္မတအခွင့်အာဏာကန့်သတ်ရေး အဆိုပြုဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို သီရိလင်္ကာ လွှတ်တော်အမတ်များက စတင်ဆွေးနွေးနေခြင်းဖြစ်သည်။

သမ္မတတစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကန့်သတ်ပေးရေးသည် ပြီးခဲ့သည့်လများအတွင်း ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများ၌ သီရိလင်္ကာဆန္ဒပြ ပြည်သူများ တောင်းဆိုထားသည့် အဓိက တောင်းဆိုချက်တစ်ရပ်ဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ရာထူးနေရာများ ခန့်အပ်မှုအပါအဝင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာအချို့ကို လွှတ်တော်အမတ်များ၊ နိုင်ငံရေးနှင့် မပတ်သက်သည့် လူကြီးလူကောင်းများဖြင့် ဖွဲ့စည်းထားသော ဖွဲ့စည်းပုံကောင်စီထံ လွှဲပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သမ္မတအနေဖြင့် ထိပ်တန်းတရားသူကြီးများ၊ ရှေ့နေချုပ်များနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌကဲ့သို့ ရာထူးကြီးများကို ခန့်အပ်ရာတွင် ဖွဲ့စည်းပုံကောင်စီ၏ အကြံပြုချက်ကို လိုက်နာရမည်ဖြစ်သည်ဟု သီရိလင်္ကာအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြည်သူတစ်သန်းအတွက် အစိုးရအလုပ်တစ်သန်းအစီအစဉ် စတင်မည်

**ဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ပြည်သူတစ်သန်းအတွက် အစိုးရအလုပ်အကိုင်တစ်သန်း ဖန်တီးရေးအစီအစဉ်ကို ယခုသီတင်းပတ်ကုန်တွင် စတင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြည်သူတစ်သန်းအတွက် အစိုးရအလုပ်အကိုင်နေရာတစ်သန်းအစီအစဉ်ကို အစိုးရအလုပ်နေရာများ၌ လူပေါင်း ၇၅၀၀၀ ကို ချက်ချင်းခန့်အပ်ခြင်းဖြင့် စတင်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



အလုပ်လက်မဲ့နှုန်းမြင့်မားနေမှုနှင့်ပတ်သက်၍ ဝေဖန်မှုများဖြင့် ရင်ဆိုင်ရစဉ် ပြည်သူတစ်သန်းအတွက် အစိုးရအလုပ်နေရာတစ်သန်းအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ကြိုးစားလာခြင်းဖြစ်သည်။

ပြည်သူတစ်သန်းအစိုးရအလုပ်တစ်သန်းအစီအစဉ်အရ ဝန်ထမ်းသစ် ၇၅၀၀၀ ကို အစိုးရဝန်ကြီးဌာနနှင့် ဖက်ဒရယ်အစိုးရရုံးဌာန ၃၈ ခုတို့တွင် ခန့်အပ်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံး ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အိန္ဒိယအစိုးရရုံးဌာနများ၌ အလုပ်အကိုင်နေရာလွှတ်တစ်သန်းထိရှိ၊ မရှိနှင့် အချို့အလုပ်အကိုင်နေရာများကို အသစ်ဖန်တီးရနိုင်မှုရှိ၊ မရှိတို့ကို မသိရသေးကြောင်း သိရသည်။

လူဦးရေ စုစုပေါင်း ၁ ဒသမ ၄ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ခုနစ်ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဖန်ဆင်းမှုဒေါက်တိုင်သုံးခုခေါ် အလွန်အေးမြသည့်ဓာတ်ငွေ့နှင့် ဖုန်မှုန့်တိမ်တိုက်မျှင်တန်းများကို ဓာတ်ပုံရိုက်ကူး



**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဖန်ဆင်းမှု၏ဒေါက်တိုင်သုံးခု ခေါ် အလွန်အေးမြသည့်ဓာတ်ငွေ့နှင့် ဖုန်မှုန့်တိမ်တိုက်မျှင်တန်းများကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးခဲ့သော ဓာတ်ပုံထဲတွင် ဖန်ဆင်းမှုဒေါက်တိုင် ဓာတ်ငွေ့နှင့် ဖုန်မှုန့်တိမ်တိုက်မျှင်တန်းများနှင့် ပတ်ဝန်းကျင်ရှိ ကြယ်သန်းပေါင်းများစွာတို့ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး ဖန်ဆင်းမှုဒေါက်တိုင်များ အာကာသနယ်မြေကို နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ၁၉၉၅ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ဓာတ်ပုံရိုက်ကူးပေးခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်က ရိုက်ကူးပေးခဲ့သည့်ဓာတ်ပုံကြောင့် သိပ္ပံပညာရှင်များအနေဖြင့် အဆိုပါနယ်မြေအတွင်း အသစ်ဖွဲ့စည်းပေါ်ထွက်လာသည့် ကြယ်အရေအတွက်ကို ပို၍အသေးစိတ်ကျစွာတွက်ချက်နိုင်မည်ဖြစ်သည်။

ဖန်ဆင်းမှုဒေါက်တိုင်များ နယ်မြေသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၇၀၀၀ ခန့်အကွာ၌ တည်ရှိသည့် ကြယ်ဖွဲ့တိမ်တိုက်နယ်မြေဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ ဓာတ်ပုံကို အသုံးပြု၍ အဆိုပါအာကာသနယ်မြေအတွင်းရှိ ဓာတ်ငွေ့နှင့်ဖုန်မှုန့်ပမာဏကို တွက်ချက်နိုင်ရန် နာဆာသိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။ KKO

# HEALTH

## သက်လတ်ပိုင်းများ ကိုယ်အလေးချိန်ပိုတိုးလာပါက ဒူးရိုးအစားထိုးကုသရနိုင်ခြေ မြင့်တက်နိုင်

**ကင်ဘာရာ အောက်တိုဘာ ၂၁**

သက်လတ်ပိုင်းအရွယ်၌ ပုံမှန်ကိုယ်အလေးချိန်ထက် ငါးကီလိုဂရမ်မျှ ပိုတိုးလာခဲ့လျှင်ပင် ဒူးရိုးအစားထိုး ကုသမှုပြုလုပ်ရနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ မိုးနက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ပုံမှန်ကိုယ်အလေးချိန်ထက် ငါးကီလိုဂရမ်မျှပိုများလာသော သက်လတ်ပိုင်းအမျိုးသမီးများ၌ ဒူးရိုးအစားထိုးကုသရနိုင်ခြေမှာ ၃၅ ရာခိုင်နှုန်းခန့်ထိ ပိုမြင့်မားနေတတ်ကြောင်း သိရသည်။

အလားတူ သက်လတ်ပိုင်းအမျိုးသားများတွင်လည်း ကိုယ်အလေးချိန် ငါးကီလိုဂရမ်မျှပိုလာခဲ့လျှင် ဒူးရိုးအစားထိုးကုသမှုခံယူရနိုင်ခြေ ၂၂ ရာခိုင်နှုန်းမြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် လူရာပေါင်းများစွာပါဝင်သော လေ့လာချက်ပေါင်း ၂၀ ကို ပြန်လည်စိစစ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကိုယ်အလေးချိန်ကို လျှော့ချခြင်းဖြင့် ဒူးရိုးအပေါ် ဖိအားသက်ရောက်မှုကျသွားတတ်ရာ ဒူးရိုးအရိုးပွရောဂါ လက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဒူးရိုးအရိုးပွရောဂါ လက္ခဏာများကို လျှော့ချရာတွင် ကိုယ်အလေးချိန် လျှော့ချမှုထက် ကိုယ်အလေးချိန် မတက်စေရန် ထိန်းထားမှုက ပို၍ထိရောက်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် အင်္ဂါဂြိုဟ်၏ဆားမြေဒေသသို့ ရောက်ရှိ

**နယူးယောက် အောက်တိုဘာ ၂၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်၏ ဆားမြေဒေသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် တစ်လကြာ ခရီးနှင်ပြီးနောက် အင်္ဂါဂြိုဟ် မောင့်ရှပ်တောင်၏ ဆားမြေဒေသသို့ ရောက်ရှိနေပြီဖြစ်သည်ဟု နာဆာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကျူရီယိုစီတီအနေဖြင့် လွန်ခဲ့သောနှစ် ရာပေါင်းများစွာက အင်္ဂါဂြိုဟ်၏ရာသီဥတု မည်သို့ ပြောင်းလဲခဲ့ရသည်ကို ပြသနိုင်မည့် အထောက်အထားသဲလွန်စများကို အဆိုပါ ဆားမြေဒေသ၌ ရှာဖွေတွေ့ရှိနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါ ဆားမြေဒေသရှိ တွင်းထွက်ပစ္စည်းများသည် အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ချိန်က ရှိခဲ့ဖူးသော ရေဓာတ်၏သဲလွန်စများကိုပေးနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



အင်္ဂါဂြိုဟ်ပေါ်သို့ ၂၀၁၂ ခုနှစ်တွင် ဆင်းသက်ခဲ့သော ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ခရီးအကွာအဝေး ၁၈ မိုင်ထိ ရောက်ရှိခဲ့ပြီးကျောက်သားနှင့်မြေဆီလွှာ ၄၁ မျိုးကိုလေ့လာစူးစမ်းနိုင်ခဲ့သည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် မောင့်ရှပ်တောင် ဆားမြေဒေသသို့ ရောက်ရှိရေးအတွက် ယခုနှစ် ဩဂုတ်လ တစ်လလုံးလုံးတွင် ချောက်တစ်ခုနှင့် တောင်ကုန်းများကို ဖြတ်သန်းခဲ့ရကြောင်း သိရသည်။ KKO

## ဓာတုကုထုံးခံယူနေစဉ် လေ့ကျင့်ခန်းပြုလုပ်ပါက ကင်ဆာလူနာများ၏ ကျန်းမာရေးကိုမြှင့်တင်နိုင်

**အမ်စတာဒမ် အောက်တိုဘာ ၂၁**

ဓာတုကုထုံးခံယူနေစဉ်အတွင်း လေ့ကျင့်ခန်းပြုလုပ်မှုသည် ဘေးကင်းလုံခြုံမှုရှိပြီး ကင်ဆာလူနာများ၏ နှလုံးနှင့်အဆုတ်လုပ်ငန်းလည်ပတ်ပုံကဲ့သို့ ကျန်းမာရေးလုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် ဓာတုကုထုံးခံယူစဉ်အတွင်း လေ့ကျင့်ခန်းပြုလုပ်မှုသည် ကုထုံး၏ဘေးထွက်ဆိုးကျိုးတချို့ကို လျှော့ချရာတွင်လည်း အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း နယ်သာလန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဓာတုကုထုံးခံယူနေစဉ်အတွင်း လေ့ကျင့်ခန်း မပြုလုပ်နိုင်ခဲ့လျှင်ပင် ကင်ဆာလူနာများအနေဖြင့် နှလုံးလုပ်ငန်းလည်ပတ်မှု ပုံမှန်ပြန်ရောက်ရေးအတွက် ကုထုံးခံယူပြီးချိန်တွင် လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဓာတုကုထုံးခံယူနေစဉ်ကာလသည် ကင်ဆာလူနာများ ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်ရေးအတွက် အသင့်လျော်ဆုံးအချိန်ဖြစ်သည်ဟု နယ်သာလန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဓာတုကုထုံးခံယူနေစဉ်အတွင်း ကင်ဆာရောဂါ လူနာများ၏ အောက်ဆီဂျင် အမြင့်ဆုံးစုပ်ယူနိုင်မှုမှာ ၂၅ ရာခိုင်နှုန်း ကျဆင်းသွားတတ်ကြောင်း သိရသည်။ KKO



## GRB10905A ဂမ်မာရောင်ခြည်ပေါက်ကွဲမှုက စကြဝဠာသမိုင်း၏ရှေးအကျဆုံး ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်နိုင်

**ရောမ အောက်တိုဘာ ၂၁**

GRB10905A ဟု၍ အမည်ပေးထားသည့် ဂမ်မာရောင်ခြည်ပေါက်ကွဲမှုသည် စကြဝဠာသမိုင်း၏ ရှေးအကျဆုံးဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၀ ရက်က ရေးသားတင်ပြထားသည်။

GRB10905A ဂမ်မာရောင်ခြည်ပေါက်ကွဲမှုသည် စကြဝဠာပေါ်ထွက်ပြီး မကြာမီမှာပင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဂမ်မာရောင်ခြည်ပေါက်ကွဲမှု၏ အလင်းရောင်သည် ကမ္ဘာမြေသို့ရောက်ရှိရန် နှစ်ပေါင်း ၁၂ ဒသမ ၈ ဘီလီယံ အချိန်ယူခဲ့ရကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂမ်မာရောင်ခြည် ပေါက်ကွဲမှု အလင်းရောင်များသည် လျင်မြန်စွာ မှေးမှိန်သွားတတ်ရာ အီတလီသိပ္ပံပညာရှင်များသည် GRB10-905A ဂမ်မာရောင်ခြည်ပေါက်ကွဲမှု၏ အကြွင်းအကျန် ဖြာထွက်ရောင်ခြည်များကိုသာ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

အီတလီသိပ္ပံပညာရှင်များသည် GRB10905A ဂမ်မာရောင်ခြည်ပေါက်ကွဲမှုအကြွင်းအကျန် ဖြာထွက်ရောင်ခြည်များကို ချီလီနိုင်ငံအခြေစိုက် ဗွီအယ်လ်တီရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂမ်မာရောင်ခြည် ပေါက်ကွဲမှုများသည် အလွန်ပြင်းထန်သော လျှပ်စစ်သံလိုက် ဖြာထွက်ရောင်ခြည် ပေါက်ကွဲမှုများဖြစ်ကြပြီး ညစဉ် အနည်းဆုံးတစ်ကြိမ်ခန့် အာကာသဟင်းလင်းပြင်အတွင်း ပေါ်ထွက်လာတတ်ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုများသည် အလင်းအား အကောင်းဆုံး စကြဝဠာ စွမ်းအင် ပေါက်ကွဲမှုများထဲတွင် ပါဝင်သော်လည်း ရေရှည်တည်မြဲမှု မရှိတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၃)
### ပွဲကြိုသုံးသပ်ချက်များ

ML

**ဆောက်သမ်တန် Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆောက်သမ်တန် ၁ – ၀ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆောက်သမ်တန်** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **အာဆင်နယ်** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

ဆောက်သမ်တန်အသင်းဟာ နောက်ဆုံးနှစ်ပွဲမှာ ကစားပုံတည်ငြိမ်လာပေမဲ့ တိုက်စစ်ကောင်းတဲ့အသင်းတွေနဲ့ဆို ခံစစ်ပိုင်းက ပေးဂိုးများနေပါတယ်။ လက်ရှိ အာဆင်နယ်အသင်းကတော့ အကောင်းဆုံးပုံစံရရှိနေတဲ့အပြင် အသင်းလိုက်ကစားအားပါ ကောင်းမွန်နေတာကြောင့် အာဆင်နယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ ဆောက်သမ်တန်**

**ဝုဗ် Vs လက်စတာ**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ၂ – ၁ လက်စတာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝုဗ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **လက်စတာ** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

ဝုဗ်အသင်းဟာ အဝေးကွင်းခံစစ်ပိုင်းကျဆင်းနေပေမဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ တိုက်စစ်ကလဲ ဂိုးရရှိဖို့အခွင့်အရေးတွေဖန်တီးနိုင်တာကို တွေ့ရမှာပါ။ လက်စတာအသင်းကတော့ အိမ်ကွင်းကစားအားတိုးတက်လာပေမဲ့ အဝေးကွင်းဆိုရင် ပေးဂိုးများပြီး ဂိုးရဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာမဲ့ ဝုဗ်အသင်းနဲ့ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝုဗ် ၁ – ၀ လက်စတာ**

### အီတလီစီးရီးအေ ပွဲစဉ် (၁၁)
### ပွဲကြိုသုံးသပ်ချက်

ML

**အူဒီးနီးစ် Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ညနေ ၀၅:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၂ – ၀ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အူဒီးနီးစ်** | – | **အိမ်(သရေ)** | **ဝေး(သရေ)** | **အိမ်(ရှုံး)** |
| **တိုရီနို** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

အူဒီးနီးစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိဘဲ အိမ်ကွင်းကစားပုံထက်မြက်တဲ့အသင်းဖြစ်ပါတယ်။ တိုရီနိုအသင်းကတော့ ကစားပုံတည်ငြိမ်မှုမရှိသေးဘဲ တိုက်စစ်ပိုင်းက ဂိုးရဖို့ခက်ခဲနေသလို အဝေးကွင်းခံစစ်ပိုင်းကလဲ ပေးဂိုးများနေဆဲဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်တဲ့ အူဒီးနီးစ်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အူဒီးနီးစ် ၂ – ၀ တိုရီနို**

### အားကစားသတင်း အတိုအထွာများ

- ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲကျန်တွင် ပီအက်စ်ဗွီအသင်းကို အနိုင်ရခဲ့သည့် အာဆင်နယ်အသင်းအနေဖြင့် လေးပွဲစလုံးအနိုင်ရရှိခဲ့သောကြောင့် လက်ကျန်နှစ်ပွဲအလိုမှာပင် အုပ်စုအဆင့်မှ တက်ရောက်နိုင်ခဲ့သည်။
- ဝုဗ်အသင်းက နည်းပြသစ်ခန့်အပ်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သဖြင့် ယာယီနည်းပြ စတိဗ်ဒေးဗစ်ကိုသာ ယခုနှစ်ဘောလုံးရာသီကုန်ထိ ခန့်အပ်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။
- အာဆင်နယ်အသင်းက လိဒ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကစားသမားများကို ထိန်းသိမ်းရန်အားနည်းခဲ့သည့်အတွက် အာဆင်နယ်အသင်းကို အက်ဖ်အေက အရေးယူရန် စွဲချက်တင်ခဲ့ကြောင်း သိရသည်။ ML

# ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပရန်စီစဉ်နေမှုကို စပိန်လာလီဂါမှ ကလပ်အသင်းများက ဆန့်ကျင်မှုများပြုလုပ်ရန် ပြင်ဆင်




**မက်ဒရစ် အောက်တိုဘာ ၂၁**

ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်က ဦးဆောင်ပြီး ဥရောပထိပ်တန်းအသင်းသုံးသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့်ဂျူဗင်တပ်အသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပရန်စီစဉ်နေမှုကို စပိန်လာလီဂါ ကလပ်အသင်းများက ဆန့်ကျင်မှုများပြုလုပ်ရန် ပြင်ဆင်နေသည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပထိပ်တန်းကလပ်အသင်း ၁၂ သင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ ဂျူဗင်တပ်၊ အေတီကို၊ အင်တာမီလန်၊ အေစီမီလန်၊ မန်စီးတီး၊ မန်ယူ၊ လီဗာပူး၊ အာဆင်နယ်၊ စပါးနှင့် ချဲလ်ဆီးအသင်းတို့က ၂၀၂၁ ခုနှစ် ဧပြီလအတွင်း လက်ရှိ ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် စင်ပြိုင်ကျင်းပရန် တရားဝင်ကြေညာမှုများ ပြုလုပ်ခဲ့ကြသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က အပြင်းအထန် တားမြစ်ခဲ့သည့်အပြင် သက်ဆိုင်ရာကလပ်အသင်း ပရိသတ်များကလည်း ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ကြသည့်အတွက် အသင်း ကိုးသင်းက နုတ်ထွက်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ပြိုင်ပွဲဖြစ်မြောက်ရန်အတွက် ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ပီရက်ဇ်ဦးဆောင်ပြီး ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပနိုင်ရန် ပြန်လည်ကြိုးပမ်းလျက်ရှိနေသည်ဟု သတင်းထွက်ပေါ်ခဲ့ပြီးနောက် အမည်မဖော်ပြခဲ့ကြသည့် စပိန်လာလီဂါကလပ် အသင်း ၁၄ သင်းမှ အသင်းဥက္ကဋ္ဌများက စပိန်အစိုးရထံ တိုင်ကြားမှုများပြုလုပ်ခဲ့သကဲ့သို့ စပိန်နိုင်ငံ အားကစားဝန်ကြီးနှင့်လည်းတွေ့ဆုံပြီး ပြိုင်ပွဲကို ဆန့်ကျင်သပိတ်မှောက်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ STA

# ဖူလ်ဟမ်ကိုရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အေဗီလာအသင်း နည်းပြဂျာရတ်ကို ရာထူးမှထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၂၁**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် အေဗီလာအသင်းတို့ပွဲစဉ်တွင် အေဗီလာအသင်းက သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ပွဲအပြီးတွင် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဂျာရတ်ကို ရာထူးမှထုတ်ပယ်ကြောင်း အေဗီလာအသင်းက ကြေညာခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးကစားသမားဟောင်း ဂျာရတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ အောက်တိုဘာလက နည်းပြစမစ်၏နေရာတွင် အစားထိုးတာဝန်ယူခဲ့ပြီး အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၁ ပွဲကစားပြီးချိန်တွင် နှစ်ပွဲသာ အနိုင်ရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၁၇)တွင် တန်းဆင်းဇုန်မှ ဝုဗ်အသင်းနှင့် ရမှတ်တူနေပြီး ရလဒ်ပိုင်းကျဆင်းနေသောကြောင့် အေဗီလာအသင်းတာဝန်ရှိသူများက ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်အပြီးတွင် ရာထူးမှ ထုတ်ပယ်ကြောင်း ကြေညာခဲ့သည်။

အစောပိုင်းက အေဗီလာအသင်းတာဝန်ရှိသူများက နည်းပြဂျာရတ်၏ အနာဂတ်နှင့်ပတ်သက်၍ ဖူလ်ဟမ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့၏ပွဲစဉ်နှစ်ပွဲကို စောင့်ကြည့်သွားမည်ဟု ပြောကြားထားခဲ့ပြီး လက်ရှိ ဖူလ်ဟမ်အသင်းနှင့်




ပွဲစဉ်တွင် ကစားပုံထပ်မံဆိုးရွားခဲ့ပြီး တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့်အပြင် ပင်နယ်တီနှင့် ကိုယ့်ဂိုး ကို သွင်းယူခဲ့မှုတို့ကြောင့် ချေပဂိုးရရှိရန် အခွင့်အရေးနည်းပါးခဲ့ကာ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြဂျာရတ်နှင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# Guadalajara Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အဇာရင်ခါနှင့် ဆက်ကာရီတို့ နိုင်ပွဲကိုယ်စီရရှိ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များအဖြစ် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါက အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးနှင့်လည်းကောင်း၊ ဂရိတင်းနစ်မယ် ဆက်ကာရီက အမေရိကန်တင်းနစ်မယ် ဒန်နီလီကောလင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ရာ အဇာရင်ခါနှင့် ဆက်ကာရီတို့က နိုင်ပွဲကိုယ်စီရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဇာရင်ခါသည် မက်ဒီဆင်ကီးကို (၆-၄၊ ၆-၇၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆက်ကာရီက ဒန်နီလီကောလင်းကို (၅-၇၊ ၆-၃၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး အဇာရင်ခါနှင့် မက်ဒီဆင်ကီးတို့၏ပွဲစဉ်သည် နာမည်ကြီးပြိုင်ပွဲဝင်နှစ်ဦး ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ် ဖြစ်သကဲ့သို့ လက်ရည်ညီသည့် ပြိုင်ပွဲဝင်နှစ်ဦး တွေ့ဆုံခြင်း ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ကာ အဇာရင်ခါက ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break ၌ ရှုံးနိမ့်ခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် အဇာရင်ခါက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အလားတူ ဆက်ကာရီသည် အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ပထမပွဲငယ်တွင် ဒန်နီလီကောလင်းကို ရှုံးနိမ့်ကာ နောက်မှလိုက်ကစားခဲ့ရကာ ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆက်ကာရီက "ပထမပွဲငယ်မှာ တော်တော်လေး အခက်တွေ့ခဲ့ပါတယ်။ tie-break ထိ ကစားခဲ့ရပြီးမှ ရှုံးနိမ့်ခဲ့တယ်။ ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ရတဲ့အတွက် ဖိအားတော့ဝင်ခဲ့တယ်။ ဒုတိယပွဲငယ်မှာ အမှားခံလို့မရတဲ့အတွက် ပွဲကို သေချာအာရုံစိုက်ကစားခဲ့ပြီး အနိုင်ရခဲ့လို့ စိတ်ဓာတ်ခွန်အားရခဲ့ပြီးတော့ ဖိအားတွေလျော့ချနိုင်ခဲ့တယ်။ တတိယပွဲငယ်မှာလဲ အကောင်းဆုံးပုံစံ ရခဲ့တဲ့အတွက် ခက်ခဲတဲ့ပွဲစဉ်ကို အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ၂၁ ရာစုအတွင်း သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် လီဝမ်ဒေါစကီး မှတ်တမ်းဝင်




**မက်ဒရစ် အောက်တိုဘာ ၂၁**

ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်ဗီလာရီးရဲလ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၂၁ ရာစုအတွင်း သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လီဝမ်ဒေါစကီးက ပွဲချိန် ၃၁ မိနစ်နှင့် ၃၅ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ၎င်း၏ ကစားသမားဘဝ သွင်းဂိုး ၆၀၁ ဂိုးထိ ရှိလာခဲ့ခြင်းဖြစ်သည်။

၂၁ရာစုနှစ်အတွင်း သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ် လီဝမ်ဒေါစကီး မတိုင်မီက လက်ရှိ မန်ယူအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒို နှင့် ပီအက်စ်ဂျီအသင်းကစားသမား မက်ဆီတို့က မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် ပရော်ဖက်ရှင်နယ် သွင်းဂိုး ၆၀၁ ဂိုးကို ပိုလန်ကလပ် ပက်ကော့အသင်းနှင့် လက်ပေါ့ဇ်နန်အသင်းတို့တွင် ကစားခဲ့စဉ်က ၆၂ ဂိုး သွင်းယူနိုင်ခဲ့ပြီး နောက် ၂၀၁၀ ပြည့်နှစ်က ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ၁၈၆ ပွဲ ကစားခဲ့ရာတွင် ၁၀၃ ဂိုး၊ ဘိုင်ယန်မြူးနစ်အသင်းတွင် ၃၇၅ ပွဲကစားခဲ့ပြီး ၃၄၄ ဂိုး၊ ပိုလန်လက်ရွေးစင်အသင်းအတွက် ၁၃၄ ပွဲကစားခဲ့ပြီး ၇၆ ဂိုးနှင့် လက်ရှိ ဘာစီလိုနာအသင်းတွင်လည်း ၁၄ ပွဲကစားခဲ့ပြီး ၁၆ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် စုစုပေါင်းသွင်းဂိုး ၆၀၁ ဂိုးထိရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့် ပထမဆုံးဘောလုံးရာသီမှာပင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲတွင်၁၀ ပွဲကစားပြီး ၁၁ ဂိုးသွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးက ဦးဆောင်လျက်ရှိကြောင်း သိရသည်။

STA

# မန်စီးတီးအသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် ဂမ်ဒိုဂန်ကို ဂါလာတာစာရေးအသင်းက ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၂၁**

ကွင်းလယ်ကစားသမား ဂမ်ဒိုဂန်သည် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသော်လည်း အသင်းက စာချုပ်သစ်ကမ်းလှမ်းခြင်းမရှိသဖြင့် ထွက်ခွာရန်ပြင်ဆင်နေသောကြောင့် တူရကီကလပ် ဂါလာတာစာရေးအသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီကွင်းလယ်ကစားသမား ဂမ်ဒိုဂန်သည် မန်စီးတီးအသင်းကို နည်းပြ ဂွါဒီယိုလာ တာဝန်ယူပြီးချိန် ၂၀၁၆ ခုနှစ်က ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၀ ဒသမ ၄ သန်းဖြင့်ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့် ဘောလုံးရာသီ ခုနစ်ရာသီ ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၂၆၇ ပွဲတွင် သွင်းဂိုး ၅၁ ဂိုးထိသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု လေးကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ ကစားသမားအနေဖြင့် မန်စီးတီးအသင်းက စာချုပ်သစ်ကမ်းလှမ်းပါက အသင်းတွင် ဆက်လက်ကစားရန်ဆန္ဒရှိနေသော်လည်း အသင်းအနေဖြင့် အသက်အရွယ်အရ အကျပိုင်းရောက်နေသည့် ဂမ်ဒိုဂန်ကို သက်တမ်းတိုးရန် ကမ်းလှမ်းမှုမပြုလုပ်သေး၍ ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေပြီး အင်္ဂလန်မှထွက်ခွာပါက တူရကီကလပ် သို့မဟုတ် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း မီဒီယာများနှင့် တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ၎င်း၏ဇနီးဖြစ်သူ ဆာရာ




အနေဖြင့်လည်း အင်္ဂလန်တွင် နေထိုင်စားသောက်မှု အဆင်မပြေမှုများရှိနေသောကြောင့် ဂမ်ဒိုဂန်အနေဖြင့် မန်စီးတီးမှ ထွက်ခွာရန် သေချာနေခြင်းကြောင့် တူရကီကလပ် ဂါလာတာစာရေးအသင်းက ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်စားနေသည့် ဂမ်ဒိုဂန်ကို လက်ဦးမှုရယူနိုင်ရန် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

ML

# CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မူလီနက်နှင့် ဂါရီဝုဒ်လန်းတို့ ပူးတွဲဦးဆောင်



**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် ကျင်းပနေသည့် CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မူလီနက်နှင့်ဂါရီဝုဒ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Irish Examiner သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံ မက်အီလ်ရွိုင်းအနေဖြင့် အခြားပြိုင်ပွဲဝင်ငါးဦးနှင့်အတူ သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာ၌ပင် ပူးတွဲဦးဆောင်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန်နှင့် ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ဒုတိယမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

မက်အီလ်ရွိုင်းက "ပထမနေ့ရလဒ်ပိုင်းနဲ့ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်။ Birdies တွေလဲရခဲ့ပါတယ်။ အခွင့်အရေးကောင်းတချို့ကို လက်လွှတ်ခဲ့ရတာတွေရှိပါတယ်။ ပထမနေ့က ဖြစ်ပျက်ခဲ့တာတွေကိုမေ့ထားပြီး ဒုတိယနေ့ကျရင် ဘယ်လိုရလဒ်ကောင်းအောင် ရိုက်ရမလဲဆိုတာကို ပြင်ဆင်သွားနိုင်ဖို့ကအရေးကြီးတယ်။ ပြိုင်ပွဲဝင်တွေအားလုံးက ပြိုင်ပွဲအဆင့်အတန်းနဲ့ လျော်ညီတဲ့ လက်စွမ်းမျိုးတွေပြသနေတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ရည်မှန်းချက်အတိုင်းဖြစ်ဖို့အတွက် ပြိုင်ပွဲအဆင့်အတန်းနဲ့လျော်ညီတဲ့ လယ်ဗယ်မျိုးနဲ့ ကစားသွားနိုင်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## စပိန်လာလီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**ဗီလာရီးရဲလ်** Vs **အယ်မာရီယာ**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီလာရီးရဲလ် ၈ – ၀ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အယ်မာရီယာ | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲက ဘာစီလိုနာကိုရှုံးနိမ့်ခဲ့ပေမဲ့ ဗီလာရီးရဲလ်အသင်းရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ အဝေးကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံထားတဲ့ အယ်မာရီယာအသင်းရဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဗီလာရီးရဲလ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဗီလာရီးရဲလ် ၃ – ၀ အယ်မာရီယာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘိုချမ်** Vs **ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ည ၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ယူနီယံဘာလင် ၃ – ၂ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ယူနီယံဘာလင် | – | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားတဲ့ ယူနီယံဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဘိုချမ်အသင်းကတော့ အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ယူနီယံဘာလင်အသင်းကို ပွဲချိန်ပြည့် တုံ့ပြန်ကစားနိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ယူနီယံဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ယူနီယံဘာလင် ၁ – ၀ ဘိုချမ်**

**ဟာသာဘာလင်** Vs **ရှော့လ်ကေး**

**ကစားမည့်ရက်/အချိန် ၂၃-၁၀-၂၀၂၂ (ည ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှော့လ်ကေး ၁ – ၂ ဟာသာဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | – | အိမ်(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |
| ရှော့လ်ကေး | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နှစ်သင်းစလုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရတယ်ဆိုပေမဲ့ အခုပွဲစဉ်မှာ ဟာသာဘာလင်အသင်းက အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားနိုင်ဖို့ ကြိုးစားလာမှာပါ။ လေးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ရှော့လ်ကေးအသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဟာသာဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဟာသာဘာလင် ၂ – ၀ ရှော့လ်ကေး**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်လီ** Vs **မိုနာကို**

**ကစားမည့်ရက်/အချိန် ၂၄-၁၀-၂၀၂၂ (နံနက် ၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၁ – ၂ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| မိုနာကို | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်ပွဲဆက်နိုင်ပွဲရရှိထားတဲ့ လိုင်လီအသင်းရဲ့အိမ်ကွင်းကစားပုံက ကောင်းမွန်ပါတယ်။ မိုနာကိုအသင်းကတော့ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားလို့ ရုန်းကန်နေရပြီး ခံစစ်ပိုင်းကလဲစိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းမကွာခြားဘူးဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လိုင်လီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်လီ ၂ – ၁ မိုနာကို**

# နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောပိုင်ဆိုင်တော့မည့် တရုတ်နိုင်ငံ

မောင်သောင်းဝင်း(တမန်ဟောင်း)



တရုတ်နိုင်ငံသည် ပြည်ပရှိ ၎င်း၏အကျိုးစီးပွားများကို ကာကွယ်နိုင်ရန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောတည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်း (CSSC) က ၂၀၂၇ ခုနှစ်တွင် နျူကလီးယားစွမ်းအင်နည်းပညာရရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မကြာသေးမီက တပ်တော်ဝင်ခဲ့သည့် လေယာဉ်တင်သင်္ဘော Fujian ကိုလည်း နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်နိုင်ရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သို့သော် CSSC အနေဖြင့် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောတည်ဆောက်ရေးအတွက် တရားဝင်ခွင့်ပြုချက်မရရှိသေးကြောင်း ဖော်ပြထားသည်။

ဒီဇယ်အင်ဂျင်သုံး တတိယမြောက်လေယာဉ်တင်သင်္ဘော Fujian တည်ဆောက်ပြီးနောက်ပိုင်း စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောသည် နျူကလီးယားစွမ်းအင်သုံးသင်္ဘောဖြစ်နိုင်ကြောင်း မီဒီယာများတွင် ကျယ်ပြန့်စွာဖော်ပြလာခဲ့သည်။ ဇွန်လအတွင်းက တပ်တော်ဝင်ခဲ့သော Fujian သည် ခေတ်မီလေယာဉ်တင်သင်္ဘောတစ်စီးပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောအတွက် ဒီဇိုင်းပုံစံရေးဆွဲပြီးဖြစ်ကာ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်ကြားတွင် အပြီးသတ်တည်ဆောက်နိုင်မည်ဟု မျှော်မှန်းထားရှိသည်။

**အားသာချက်နှင့်အားနည်းချက်များ**

သမားရိုးကျစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောများသည် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများနှင့်နှိုင်းယှဉ်လျှင် ပြုပြင်ထိန်းသိမ်းမှု အနည်းငယ်သာလုပ်ဆောင်ရန်လိုအပ်ပြီး တည်ဆောက်ရာတွင်လည်း ကုန်ကျစရိတ်သက်သာသည်။ သို့သော် နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောများသည် ခရီးဝေးသွားရောက်ကာ တာဝန်ထမ်းဆောင်နိုင်ပြီး တိုက်လေယာဉ်ပျံတက်ရန် အထောက်အကူပြု လောက်လွှဲစနစ်တို့ ပိုမိုကောင်းမွန်သည်။ အကြောင်းမူကား နျူကလီးယားဓာတ်ပေါင်းဖိုများသည် လေယာဉ်တင်သင်္ဘော၏မောင်းနှင်အားနှင့်သွားလာနိုင်သော အကွာအဝေးကို မြှင့်တင်ပေးနိုင်သည့်အပြင် လောက်လွှဲစနစ်ကိုလည်း အင်အားဖြည့်တင်းပေးနိုင်သည်။ လက်ရှိအချိန်ထိ အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့တွင်သာလျှင် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများ ပိုင်ဆိုင်ထားရှိသည်။ အမေရိကန်၏ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများမှာ Nimitz နှင့် Geral R Ford အတန်းအစား သင်္ဘောများဖြစ်ပြီး ပြင်သစ်သင်္ဘောမှာ Charles de Gaulle ဖြစ်သည်။

သမားရိုးကျ လေယာဉ်တင်သင်္ဘောတစ်စီးသည် စစ်ဆင်ရေးတာဝန်ကာလ ကြာရှည်ထမ်းဆောင်နိုင်ရန်အတွက် လောင်စာဆီဖြည့်တင်းပေးသည့် စစ်သင်္ဘောများအပါအဝင် အုပ်ချုပ်ထောက်ပံ့မှုများစွာ လိုအပ်သော်လည်း နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် ထိုသို့အုပ်ချုပ်ထောက်ပံ့မှုများ မလိုအပ်ပေ။ ထို့ပြင် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများသည် တိုက်လေယာဉ်များ ပျံတက်မှုအပါအဝင် အဆင့်မြင့်စနစ်များ လည်ပတ်နိုင်ရေးအတွက် စွမ်းအင်များထုတ်လုပ်ပေးနိုင်သည်။

**ကမ္ဘာ့အဆင့်မီရေတပ်**

နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင် ဂုဏ်သိက္ခာရှိသော စစ်လက်နက်ပစ္စည်းဖြစ်ပြီး နျူကလီးယားလေယာဉ်တင်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ ပိုင်ဆိုင်ထားရှိမှသာလျှင် တရုတ်ရေတပ်ကို ကမ္ဘာ့အဆင့်မီရေတပ်အဖြစ် အသိအမှတ်ပြုလိမ့်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို တပ်ဖြန့်ချထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အဆင့်မီရေတပ်အဖြစ် တည်ဆောက်သွားလိုသောဆန္ဒရှိနေပြီး ထိုသို့ တည်ဆောက်နိုင်မည်ဆိုလျှင် အလှမ်းကွာဝေးသောနေရာများတွင် စစ်လက်ရုံးဆန့်တန်းနိုင်မည်ဖြစ်သည်။ အထူးသဖြင့် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများတည်ဆောက်နိုင်ရေး အလျင်အမြန်လုပ်ဆောင်လျက်ရှိသည်။

တရုတ်ရေတပ် အနာဂတ်လေယာဉ်တင်သင်္ဘောများ၏ ဒီဇိုင်းပုံစံများတွင် လျှပ်စစ်သံလိုက်နည်းပညာအထောက်အကူပြုလေယာဉ်ပျံတက်မှုစနစ် (EMALS)များပါဝင်မည်ဖြစ်သည်။ ၎င်းစနစ်သည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ပေးရန်လိုအပ်ပြီး သမားရိုးကျလေယာဉ်တင်သင်္ဘောများတွင် အသုံးပြုနိုင်ခြင်းမရှိပေ။ ထို့ကြောင့် တရုတ်နိုင်ငံ၏အမျိုးသားလုံခြုံရေး၊ လိုအပ်ချက်များနှင့်စွမ်းဆောင်ရည်များအပေါ်မူတည်၍ အနာဂတ်လေယာဉ်တင်သင်္ဘောများ တည်ဆောက်သွားလိမ့်မည်ဖြစ်သည်။

စတုတ္ထမြောက် နျူကလီးယားလေယာဉ်တင်သင်္ဘောသည် ဝန်ပြည့်တန်ချိန် ၉၀၀၀ မှ တန် ၁၀၀၀၀ ထိရှိမည်ဖြစ်ပြီး EMALS သည် ကုန်းပတ်ပေါ်မှ လေယာဉ်များပျံတက်ရာတွင် လွယ်ကူလျင်မြန်စေမည်ဖြစ်သည်။ ၎င်းလေယာဉ်တင်သင်္ဘောသည် J-15 တိုက်လေယာဉ်များ၊ J-31 ကိုယ်ပျောက်တိုက်လေယာဉ်များ၊ KJ-600 လေကြောင်းချိုကြိုတင်သတိပေးနှင့် ထိန်းချုပ်ရေးလေယာဉ်များ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရဟတ်ယာဉ်များနှင့် ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းများကို တင်ဆောင်နိုင်မည်ဖြစ်သည်။

> ❖ တရုတ်ရေတပ် အနာဂတ်လေယာဉ်တင်သင်္ဘောများ၏ ဒီဇိုင်းပုံစံများတွင် လျှပ်စစ်သံလိုက်နည်းပညာအထောက်အကူပြု လေယာဉ်ပျံတက်မှုစနစ် (EMALS)များ ပါဝင်မည်ဖြစ်သည်။ ၎င်းစနစ်သည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ပေးရန်လိုအပ်ပြီး သမားရိုးကျ လေယာဉ်တင်သင်္ဘောများတွင် အသုံးပြုနိုင်ခြင်းမရှိပေ။ ထို့ကြောင့် တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များအပေါ်မူတည်၍ အနာဂတ်လေယာဉ်တင်သင်္ဘောများ တည်ဆောက်သွားလိမ့်မည်ဖြစ်သည်။ ❖

Type 055 ခရူဇာသင်္ဘောများ၊ မျိုးဆက်သစ်ရေငုပ်သင်္ဘောများနှင့်အတူ တာဝန်ထမ်းဆောင်သွားမည့် တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် ကမ္ဘာလုံးဆိုင်ရာမစ်ရှင်များထမ်းဆောင်ရာတွင် ပြိုင်ဘက်ကင်းတပ်ဖွဲ့ဖြစ်လာမည့် အလားအလာများ ပိုင်ဆိုင်သွားနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အာရှမှသည်ဥရောပထိ ဆိပ်ကမ်းများ ဖြန့်ကြက်တည်ဆောက်ထားပြီး ၎င်းကွန်ရက်များသည် တရုတ်နိုင်ငံကိုဗဟိုပြုသည့် ပင်လယ်ရေကြောင်းကို အထောက်အကူပြုလျက်ရှိသည်။ ထိုသို့ ကမ္ဘာတစ်ဝန်းကုန်သွယ်မှုပြုလုပ်ရာတွင် နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောများဖြင့် အင်အားဖြန့်ကြက်ထားရန်လိုအပ်သည်။ ဆိုရလျှင် လေယာဉ်တင်သင်္ဘောတစ်စီးသည် ကုန်သွယ်မှုသင်္ဘောများကို အစောင့်လိုက်ရာတွင် စီးပွားရေးအရလည်း များစွာ တွက်ခြေကိုက်လျက်ရှိသည်။

ဆိုရလျှင် ဒုတိယကမ္ဘာစစ်ပြီးကတည်းက အမေရိကန်သည် လေယာဉ်တင်သင်္ဘောများ အသုံးပြုကာ ပင်လယ်သမုဒ္ဒရာတွင် ပြိုင်ဘက်ကင်းစိုးမိုးထားလျက်ရှိသည်။ အထူးသဖြင့် တရုတ်(တိုင်ပေ)ကို အမေရိကန်၏ လက်နက်တိုက်ဖြစ်လာစေရန် ပံ့ဖော်လျက်ရှိသည်။ ထိုသို့လက်နက်များစုပုံရာတွင် သင်္ဘောဖျက်ဒုံးကျည်များ၊ ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်(MANPADS)များ၊ ရေမြှုပ်မိုင်းများနှင့် ရေပြင်မှဝေဟင်ပစ်ဒုံးကျည်(SAM)များပါဝင်သည်။ ၎င်းလက်နက်စနစ်များသည် တရုတ်နိုင်ငံမှတိုက်ခိုက်လာဖွယ်ရာရှိသော လက်နက်များ၏ အန္တရာယ်မှရှောင်ကွင်းနိုင်ပြီး အသေအပျောက်လည်း လျှော့ချစေနိုင်မည်ဖြစ်သည်။ အမေရိကန်အနေဖြင့် တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့ထားသည့် တရုတ်ရေတပ်၏ အတားအဆီးများကို ထိုးဖောက်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

တရုတ်နိုင်ငံ၏မြောက်ပိုင်းရေယာဉ်စု၊ အရှေ့ပိုင်းရေယာဉ်စုနှင့်တောင်ပိုင်းရေယာဉ်စုတို့သည် တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့ထားနိုင်ရေးအတွက် မီယာကိုရေလက်ကြား၊ ထိုင်ဝမ်ရေလက်ကြားနှင့် ဘာရှီတူးမြောင်းတို့တွင် ဘယ်တောင်ပံနှင့်ညာတောင်ပံတို့မှဝိုင်းပတ်တပ်ဖြန့်ချထားမည်ဖြစ်သည်။ တရုတ်(တိုင်ပေ)သည် အနီးအနားတွင်သာရှိသောကြောင့် သမားရိုးကျလေယာဉ်တင်သင်္ဘောများသည် တရုတ်နိုင်ငံအတွက်အသင့်တော်ဆုံးပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် စွမ်းဆောင်ရည်မြင့်မားသောကြောင့် တရုတ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော စစ်လက်နက်ပစ္စည်းတစ်မျိုးပင်ဖြစ်သည်။ အထူးသဖြင့် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင် လောင်စာဆီနှင့် အုပ်ချုပ်ထောက်ပံ့မှုများဖြည့်ဆည်းပေးရန်မလိုအပ်သည့်အပြင် တရုတ်နိုင်ငံ၏တိုက်လေယာဉ်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ သမားရိုးကျ လေယာဉ်တင်သင်္ဘောများနှင့် နှိုင်းယှဉ်လျှင် တရုတ်(တိုင်ပေ)ကိုပိတ်ဆို့ရာ၌ ပိုမိုအင်အားတောင့်တင်းခိုင်မာလာစေမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် စွမ်းဆောင်ရည်မြင့်မားသော ပင်လယ်ပြာရေတပ်အဆင့်တက်လှမ်းကာ ပြည်ပရှိအကျိုးစီးပွားများကာကွယ်နိုင်ရေးအတွက် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများ ပိုမိုတည်ဆောက်သွားဖွယ်ရာရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

(1) China's next aircraft carrier likely to be nuclear by Asia Times.

(2) China's next aircraft carrier: nuclear - power speculation continues by Asia Times.

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် တိုင်းရင်းသားပဒေသာကပွဲများ ဖျော်ဖြေတင်ဆက်သွားမည်




**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် တိုင်းရင်းသားပဒေသာကပွဲများ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလှိုင်က ပြောပြ၍ သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တိုင်းရင်းသားရိုးရာအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမတွင် အခမဲ့ဖျော်ဖြေပေးလျှက်ရှိကြောင်း၊ သီတင်းကျွတ်ကာလတွင်လည်း ဖျော်ဖြေမှုများ ပြုလုပ်တင်ဆက်ပေးခဲ့ကြောင်း သိရသည်။

"ပုံမှန်ကတော့ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တွေမှ တိုင်းရင်းသားရိုးရာအဆိုအကတွေနဲ့ အခမဲ့ဖျော်ဖြေတာဖြစ်ပါတယ်။ လာမဲ့ တန်ဆောင်တိုင် ပွဲတော်ကာလ အများပြည်သူ အားလပ်ရက်၊ အစိုးရရုံးပိတ်ရက်တွေမှာ အထူးအစီအစဉ်အနေနဲ့ တိုင်းရင်းသားပဒေသာကပွဲတွေ ဖျော်ဖြေတင်ဆက်ပေးသွားမှာပါ။ နောက်တစ်ခုကတော့ လာရောက်လည်ပတ်သူတွေအဆင်ပြေစေဖို့ ပင်မဝင်ပေါက်အပြင် ရတနာလမ်းမကြီးကနေဝင်လို့ရတဲ့ဝင်ပေါက်ကိုလဲ ဖွင့်လှစ်ပေးထားပါတယ်"ဟု ဦးစန်းလှိုင်က ပြောပြသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပဲခူးမြစ်ကမ်းအနီးတွင် တည်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ အထင်ကရနေရာများကို ထည့်သွင်းတည်ဆောက်ထားကာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) သို့ ပဲခူးမြစ်မှတစ်ဆင့် လာရောက်လည်ပတ်နိုင်ရန် ဆိပ်ခံဇေတီတား တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။ ASH

# Sand and Stones ဇာတ်ကား၌ မင်းသားကြီး နီကိုလပ်ကေ့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၁**

လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားဖြစ်သည့် Sand and Stones အမည်ရှိဇာတ်ကား၌ မင်းသားကြီး နီကိုလပ်ကေ့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Sand and Stones ဇာတ်ကားသည် လူအဖွဲ့အစည်းပြိုကွဲပြီးနောက် လူဦးရေကျဆင်းလာချိန်တွင် သားနှစ်ဦးနှင့်အတူ အသက်ရှင်နိုင်ရေးအတွက် ရုန်းကန်တိုက်ခိုက်ခဲ့ရသော အမျိုးသားတစ်ဦး၏ အဖြစ်ကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Sand and Stones ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်နီလွန်က ရေးသားပေးထားပြီး ဒါရိုက်တာ ဘင်ဘရူးဝါးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို နိုဝင်ဘာလတွင် အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

Sand and Stones ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အဆိုတော်အောင်နိုင်(ပန်းခရမ်းပြာ)က ရန်ကုန်တက္ကသိုလ်အမှတ်တရ တေးသီချင်း ၁၀ ပုဒ်ခန့်ပါဝင်သည့် MV ယခုနှစ်ကုန်တွင် ထွက်ရှိရန်စီစဉ်နေ

**ရန်ကုန် အောက်တိုဘာ ၂၁**

အဆိုတော်အောင်နိုင် (ပန်းခရမ်းပြာ)က ရန်ကုန်တက္ကသိုလ်အမှတ်တရအဖြစ် ရန်ကုန်တက္ကသိုလ်နှင့် သက်ဆိုင်သော တေးသီချင်း ၁၀ ပုဒ်ခန့်ပါဝင်သည့် တေးသီချင်း Music Video (MV) ယခုနှစ်ကုန်တွင် ထွက်ရှိရန် စီစဉ်နေကြောင်း အဆိုတော်အောင်နိုင် (ပန်းခရမ်းပြာ)က ပြောပြ၍ သိရသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်တရအတွက် အဆိုပါတေးသီချင်းအယ်လ်ဘမ် ထွက်ရှိရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်ရောဂါကြောင့် ထွက်ရှိနိုင်ခြင်းမရှိခဲ့သည့်အတွက် ယခုအခါ ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလကျော်လွန်သွားပြီဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ်အမှတ်တရအဖြစ် ယခုနှစ်ကုန်ပိုင်းတွင် ထွက်ရှိရန်စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။



"တေးသီချင်း Music Video (MV) အနေနဲ့ ရန်ကုန်တက္ကသိုလ်နဲ့သက်ဆိုင်တဲ့ သီချင်းခြောက်ပုဒ် လောက်ရိုက်ကူးပြီးတော့ အွန်လိုင်းကနေလွှင့်တင်ပြီးပါပြီ။ သီချင်းအကုန်လုံးနီးပါးကတော့ အွန်လိုင်းကနေတင်ပြီးပါပြီ။ အားလုံး စုစုစည်းစည်းနဲ့ တေးသီချင်းအနေနဲ့ ထွက်ရှိအောင် စီစဉ်ထားပါတယ်" ဟု အဆိုတော်အောင်နိုင် (ပန်းခရမ်းပြာ)က ပြောပြသည်။

အဆိုပါ ရန်ကုန်တက္ကသိုလ်အမှတ်တရတေးသီချင်း MV တွင် တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်နောက်ခံတေးသီချင်းများဖြစ်သည့် အဆောင်သူအလွမ်းပြေ၊ ၈/၈၂ အင်းလျား၊ ကံ့ကော်အင်တာဗျူး၊ မောင့်သီရိမေ စသည့်တေးသီချင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Babylon ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၃ ရက်မှစ၍ ရုံတင်ပြသရန်စီစဉ်

**နယူးယောက် အောက်တိုဘာ ၂၁**

Babylon အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ခရစ္စမတ်ကာလအတွင်း အကန့်အသတ်ဖြင့် ရုံတင်ပြသမည့်အစီအစဉ်ကို Paramount ရုပ်ရှင်ကုမ္ပဏီက စွန့်လွှတ်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်မှစ၍ ကမ္ဘာတစ်ဝန်းရုံတင်ပြသရန် စီစဉ်ထားကြောင်း Vanity Fire သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။


Paramount ရုပ်ရှင်ကုမ္ပဏီသည် မူလက Babylon ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်မှသာ ကမ္ဘာ့ဈေးကွက်များ၌ ကျယ်ကျယ်ပြန့်ပြန့် ရုံတင်ပြသရန် စီစဉ်ထားသည်။

Babylon ဇာတ်ကားကို ဒါရိုက်တာ ဒါမီယန်ချာဇဲက ရိုက်ကူးပေးထားပြီး မင်းသား ဘရက်ပစ်နှင့် မင်းသမီး မားဂေါ့ရော့ဘီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ် ဟောလီးဝုဒ်ရုပ်ရှင်လောကကို ဇာတ်အိမ်နောက်ခံအဖြစ် ထားရှိရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။

Babylon ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်းမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလကပင် ပြီးဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Babylon ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာ ဒါမီယန်ချာဇဲက La La Land ဇာတ်ကားဖြင့် ဒါရိုက်တာအော်စကာဆုကို ရရှိထားသူဖြစ်သည်။ KKO







# လားရှိုးမြို့နယ် စင့်အင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စင့်အင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးစုနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စင့်အင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေထုတ်ချေးပွဲသို့ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးစုနိုင်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# Battalions under KNU/KNLA Brigade-6, KKO (Split) group, so-called PDF terrorists under NUG and CRPH launch fire to Kawkareik with heavy weapons, attack public residences



A wounded woman seen at hospital.



A wounded man seen at hospital.

**Nay Pyi Taw October 21**

Battalions under KNU/KNLA Brigade-6, KKO (Split) group, and so-called PDF terrorists under NUG and CRPH this morning launched fire into Kawkareik of Kayin State with heavy weapons and entered and attacked public residences, staff housings, offices and departmental buildings.

According to the information in advance given by the people wishing to restore peace and stability, it was reported that insurgents from battalions 17, 18 and 27 of KNU/KNLA Brigade-6, KKO (Split) group and so-called PDF terrorists under NUG and CRPH attempt to violently attack Kawkareik, Myawady and Thingan-Nyinaung cities and to ambush headquarters of local battalion, positions and camps of security forces and mobile military columns. The security forces comprising the Tatmadaw and members of Myanmar Police Force discharged security duties for urban areas day and night. This being so, insurgents and terrorists started launching of fire to Kawkareik with the use of heavy weapons at about 7.30 am today and deployed a large number of forces to attack there at about 8 am.

They used the large number of strength in attacking Khin Nein Mu housing gate-3 north of Kawkareik, Abaw Phayagon, Kyaungshagon and staff housing, the road security outpost on the township road in synchronization. Security forces who have well prepared in advance with information given by dutiful people on positions of insurgents in the fighting effectively counterattacked the insurgents except around the staff housing. At 10 am, insurgents retreated from the scene due to terrible loss. As insurgents entering the staff ward used civilian people and buildings from the public housings a human shield in their attacks, security forces controlled their counter-attacks and conducted completely wipe out the insurgents not to harm the people and public buildings. At 3 pm, those insurgents withdrew from the staff wards in disarray.

The military columns with the supporting fire of air force, artillery and armoured vehicles are chasing the insurgents and terrorists who fled to north and east of Kawkareik in disarray.

Currently, it was reported that some houses from the residential area were damaged in heavy weapon attacks of terrorists. Two innocent men and one woman, totalling three were killed in the incident which left 11 men and five women totalling 16 wounded. Security forces provided necessary treatment to the wounded persons and continuously take security measures for protecting life of the people and the public service personnel.

Although battalions under KNU/KNLA Brigade-6, KKO (Split) group, so-called PDF terrorists under NUG and CRPH ambushed urban and rural areas as well as security forces, precise supporting fire of artillery, aviation and armoured vehicles based on detail information given by urban people and brave counter-attacks drove out the insurgents and terrorists to retreat from the scene without achieving success in their conspiracies, and Kawkareik was protected against danger of falling under enemies and danger of setting fire to the city.

100

# Sacred Buddha's tooth relic to accept paying homage

**Pyay October 21**

The paying homage ceremony at the sacred Buddha's tooth relic will be held at the Buddha Pujaniya festival of Shwehsandaw Pagoda in Pyay, according to the press release issued by the Pagoda Board of Trustees on 19 October.

The Pagoda's Buddha Pujaniya festival of Pyay Shwehsandaw Pagoda has been held for 2,600 years till 2022. This year's celebration will turn 2,611. It will start on 31 October 2022.

The consecration ceremony will take place at 6 am on 31 October and its festival will be launched at 7.30 am. AT 8 am, rice will be offered to 109 members of the Sangha under the auspices of the Lord Buddha.

At 4.30 pm on 3 November, the Buddha's sacred tooth relic will be opened for public obeisance. At 3 pm on 5 November, the sacred took relic will be conveyed on the platform of the pagoda round the clock three times.

At 7 pm on 9 November, the sacred tooth relic will be kept into the chamber for one year.

Significantly, the lighting offering ceremony will be held at the pagoda with the use of Cannabina stocks.

Hence, local people cut the Cannabina plants from the vacant lands to sell them for setting fire as lighting dedicating to the Lord Buddha.

336

# Mawtaung border trade camp earned more than US$4 million trade surplus till 7 October

**Nay Pyi Taw October 21**

The Ministry of Commerce stated that Mawtaung border trade camp, located at Myanmar-Thai border, earned US$4.415 million of trade surplus from 1 April to 7 October of 2022-23 fiscal year.

The camp handled export goods worth US$4.699 million and import goods worth US$0.284 million.

In this regard, the camp earns income from export of lobster to Thailand on a daily basis. Such kind of lobster is more than 18 inches on an average and it can be found along the coastal line of Myanmar.

Especially, lobsters can found at Rakhine coast and Taninthayi coast. The lobster can be captured from November to May and this year, lobsters are caught in October at Taninthayi Region.

As of early October this year, lobsters are exported to Thailand via Mawtaung border trade camp. It prices 1,121.85 baht per kilo of lobster in Thai market.

Hence, Mawtaung border trade camp handles export of some 12 truck-loads of lobsters per day and each truck weights about 1,000 kilos.

336

# Plan to export 15 tons of Haas avocado to UAE weekly

**PyinOoLwin October 21**

Arrangements are being made to export 15 tons of Haas avocado to United Arab Emirates on a weekly basis, sad vice chair U Myo Nyunt of Myanmar Avocado Growers and Exporters Association.

Now, the association has accepted the orders from UAE for exporting the fruits. At present, coordination is being undertaken with growers to give proper prices for fruits. As of Mid-December, the fruits will be sent to UAE.

"We have orders from the UAE. We are still negotiating the prices for fruits. We will mainly send Haas fruits to UAE. As growers can harvest fruits one year after another, so we are connecting the buyers to get good pries. As of 2018, avocado is one of the strategic export items of Myanmar. Since cultivation, we purpose it to get good prices. Now, we are seeking further foreign market for avocado," said the vice chair.

This year, the association plans to export 15 tons per week to UAE. Arrangements are being made to send fruits to UAE as it wishes. Moreover, further markets have been sought for exportation of avocado.

185

# Shan couple statues to be erected near signboard entrance to Kalaw



The entrance to Kalaw, Shan State.

**Kalaw October 21**

A plan is underway to erect statues of Shan couple near the signboard entrance to Kalaw in southern Shan State as part of attracting tourists, said director U Htin Aung Naing of the Directorate of Hotels and Tourism (Shan State).

Kalaw city, significant ones in southern Shan State to attract local and foreign travellers, plans to erect statues of Shan couple. It will be carried out in 2022-23 fiscal year, as a plan of upgrading Kalaw city.

"As a tourism city, we will erect statues of Shan couples at the entrance to Kalaw to catch attentions of foreign tourists. It is one of five projects for upgrading the city. These are to upgrade Maw Myay Oo Park of Kalaw, to erect an LED board to screen tour sites of Kalaw and foodstuffs. Moreover, we will erect lamp posts and statues of Shan couple. These will be started in coming November," said U Htin Aung Naing.

In early 2022, a large number of travellers arrived at Taung Min Gyi blue bunch view point of Kalaw in southern Shan State. During the period from January to March, some 20,000 travellers paid visits to the view point.

In 2022-23 fiscal year, a plan is underway to spend more than K1,000 million on construction of infrastructures for tourism sector, upgrading works and creation of new tourist destinations in Shan State.

ASH

# Export of finished industrial goods earns US$6.13 billion from 1 April to 7 October 2022

**Nay Pyi Taw October 21**

Export of finished industrial goods earned US$6.13 billion during the period from 1 April to 7 October 2022 of the 2022-23 fiscal year, said U Nanda, Director of Trade Department under the Ministry of Commerce.

The government sector has earned US$1.96 billion from export of finished industrial goods and the private sector, US$4.17 billion.

"During the period, finished industrial goods sector including garment products of CMP process pocketed US$6.13 billion, exceeding US$0.3 billion of earnings in the government sector and US$1.4 billion in the private sector of the corresponding period of last year," said U Nanda.

The finished industrial goods sector comprises CMP clothing, jewellery ornament, natural gas, sugar and other industrial products. CMP garment products stands first in the income of export products in Myanmar, followed by natural gas. With regard to the import products, oil product stands first in Myanmar, followed by textile.

336

# 27 container ships from international shipping lines dock at Yangon ports from 1 to 15 October

**Yangon October 21**

A total of 27 container ships docked at the international ports of Yangon from 1 to 15 October 2022 for freight handling process, according to the Myanma Port Authority.

A total of 465 container ships arrived at ports of Yangon from January to September 2022. As 27 more container ships arrived till 15 October, number of container ships from international shipping lines reached 492 at the ports from January to mid-October 2022, said assistant general manager U Sein Lwin Zaw of Myanma Port Authority.

"In October, a total of 50 container ships are scheduled to arrive at Yangon ports. Of them, 27 container ships have arrived here. So, 23 more container ships will dock here. In open season, number of container ship arrivals will increase and maritime commodity inflow will rise," said the assistant general manager.

In order to increase import of goods depending on the local demand, 49 container ships from 13 international shipping lines docked at the ports of Yangon in January 2022, 48 ships from 13 shipping lines in February, 50 ships from 12 lines in March, 52 ships from 14 lines in April 54 ships from 12 lines in May, 53 ships from 14 lines in June, 49 ships from 12 lines in July, 55 ships from 13 lines in August and 55 ships from 15 lines in September.

Container shipping lines resume transport of containers for increasing import of goods depending on the local demand. As of May 2021, larger number of international container ships and cargo ships has arrived at the ports of Yangon. So, more than 11,000 containers and general cargo weighing 115,000 metric tons were handled during the period, according to the Myanma Port Authority.

ASH

# Merchants from Singapore plan to purchase chillies from Myanmar

**Yangon October 21**

Some foreign countries including Singapore offered Myanmar to purchase chillies from Myanmar, especially from Mandalay, Ayeyawady and Sagaing regions, said Daw Ohnma Kyaw, chair of Myanmar Chilli Market and Technical Development Association.

Due to demand, Singapore enquires purchase of chilli from Myanmar. So, sample chillies from some regions have been sent to Singapore. Singaporean merchants plan to come to Myanmar for purchase of chilli at the plantations at the harvest time.

"We sent sample chillies from Myittha and Kyaukse regions as well as that of Ayeyawady Region to Singapore. As they prefer such kinds of chillies, they will come to Myanmar for purchase of chillies at the harvest time," said Daw Ohnma Kyaw.

Myanmar sends chillies in cold storage containers to foreign market by shipping. Hence, Singaporean merchants and Myanmar officials will arrange systematic packaging of chillies to be sent by cold storage containers to Singapore.

Currently, chilli plants are nurtured in Ayeyawady Region. They will bear fruits in coming February. Similarly, chilli plants will be nurtured in Kyaukse and Myittha regions soon. They will be harvested in early April coming year.

Agriculturists advised that growers need to follow GAP system for cultivation of chillis to be exported to foreign countries.

Moe Yan (Okkala)


A chili plantation.

# Number of ships carrying fuel from Shwekyetyet port to Yangon increases again as of second week of October

**Mandalay October 21**

Number of ships carrying fuel from Shwekyetyet port to Yangon increases again as of second week of October, said U Win Maung, chairman of Mandalay Region Private Vessel Discipline Enforcement Committee.

As now is time of rising the water level in Ayeyawady Region, any ships do not face narrowing of water courses in the river. Hence, ships are smoothly transporting fuel from Shwekyetyet Port to Yangon. Now, number of fuel tankers is on the rise due to larger volume of raw materials.

"Fuel carried by ships is mostly distributed to Mandalay, PyinOoLwin and other cities," he added.

In the first week of October, number of fuel tankers hit more than 50. Now, as raw material is larger, number of fuel tankers reaches more than 100 as of the second week of October.

Likewise, as volume of pebble used at construction sites is larger, number of pebble carrying ships is also increasing to transport it from Shwekyetyet port to Yangon.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံ ကာကွယ်ရေးထုတ်ကုန်များတင်ပို့မှု ရှစ်ဆတိုးလာကြောင်း ဝန်ကြီးချုပ်မိုဒီ ပြောကြား



အိန္ဒိယနိုင်ငံသည် ၂၀၁၄ ခုနှစ်မှစ၍ အိန္ဒိယကာကွယ်ရေးထုတ်ကုန်များတင်ပို့မှု ရှစ်ဆတိုးမြင့်လာခဲ့ပြီး နိုင်ငံ၏ကာကွယ်ရေးကဏ္ဍတွင် ကြီးမားသော လုပ်ဆောင်ချက်များကို မီးမောင်းထိုးပြနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် Narendra Modi က ပြောကြားခဲ့သည်။

"ကာကွယ်ရေးကဏ္ဍတွင် အိန္ဒိယနိုင်ငံသည် ရည်ရွယ်ချက်၊ ဆန်းသစ်တီထွင်မှုနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ ယန္တရားကြီးများနှင့်အတူ ရှေ့သို့ရွေ့လျားနေပြီး အိန္ဒိယ ကာကွယ်ရေးကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာသည်"ဟု Modi က Def Expo 2022 ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

အိန္ဒိယ၏ အကြီးမားဆုံး ကာကွယ်ရေးပြပွဲ Def Expo 2022 ကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်ထိ ကျင်းပလျက်ရှိသည်။ ၎င်းသည် Path to Pride ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၁၂ ကြိမ်မြောက် ကာကွယ်ရေးပြပွဲလည်းဖြစ်သည်။ ထူးခြားချက်မှာ အိန္ဒိယကုမ္ပဏီများသာ ပါဝင်ပြသကြပြီး Made in India ကာကွယ်ရေးပစ္စည်းကိရိယာများသာ တွေ့မြင်ရမည့် နိုင်ငံအတွင်း ပထမဆုံးသော ကာကွယ်ရေးကုန်စည်ပြပွဲဖြစ်သည်။

အဆိုပါအခမ်းအနားတွင် Modi က Def Expo 2022 သည် New India ၏ ခမ်းနားသောရုပ်ပုံလွှာကို ပြသနေကြောင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်နယ်များ၏ ပူးပေါင်းပါဝင်မှု၊ လူငယ်စွမ်းအား၊ လူငယ်အိပ်မက်များ၊ လူငယ်ရဲစွမ်းသတ္တိနှင့် လူငယ်စွမ်းရည်များ ပါဝင်ပြသထားကြောင်း၊ ယခင်က ကာကွယ်ရေးကုန်စည်ပြပွဲကို ကျင်းပခဲ့ဖူးသော်လည်း ယခု Def Expo 2022 သည် မကြုံစဖူးပွဲတစ်ခုဖြစ်ကြောင်း Modi က ပြောကြားခဲ့သည်။ "ဒါဟာ အသစ်တွေရဲ့ စတင်ခြင်း သင်္ကေတပါပဲ"ဟု Modi က ပြောကြားခဲ့သည်။

ကာကွယ်ရေးကဏ္ဍတွင် မိမိကိုယ်ကို မှီခိုအားထားမှုနှင့် ပို့ကုန်များမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် Modi သည် ဂူဂျာရတ်ပြည်နယ် Gandhinagar တွင် Def Expo 2022 ဖွင့်ပွဲအခမ်းအနားတွင် အချက် ၁၀၁ ချက်ပါသော "Fourth Positive Indigenization List" "စတုတ္ထအကြိမ်မြောက် ပြည်တွင်းထုတ်ကုန်များ တိုးတက်မှုစာရင်း"ကို အောက်တိုဘာ ၁၉ ရက်တွင် ကြေညာခဲ့သည်။

စာရင်းတွင်ပါရှိသော ပစ္စည်းများအားလုံးကို ၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (DAP)တွင် ဖော်ပြထားသည့်ပြဋ္ဌာန်းချက်များအရ ပြည်တွင်းစက်မှုလုပ်ငန်းစုများထံမှ ဝယ်ယူသွားမည်လည်းဖြစ်သည်။ ၎င်းစာရင်းသည် ကာကွယ်ရေးမူဝါဒတွင် မိမိကိုယ်ကိုအားကိုးရန် စဉ်ဆက်မပြတ်တွန်းအား ပေးနေလိမ့်မည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန (MoD) ၏အဆိုအရ "တိုးတက်မှုရှိသော ပြည်တွင်းထုတ်ကုန်များစာရင်း"သည် ကာကွယ်ရေးကဏ္ဍတွင် မိမိကိုယ်ကိုအားကိုးရန်အတွက် အထင်ကရ လုပ်ဆောင်ချက်များထဲမှ တစ်ခုဖြစ်သည်။

MoD သည် အစောပိုင်းတွင် "ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့သော ပြည်တွင်းထုတ်ကုန်စာရင်းများ"ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၁ ရက်၊ ၂၀၂၁ ခုနှစ် မေလ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ် ဧပြီ ၇ ရက်တို့တွင် အသီးသီးထုတ်ပြန်ကြေညာခဲ့ကြပြီး ပစ္စည်းအမျိုးအမည်ပေါင်း ၃၁၀ ပါဝင်ခဲ့သည်။

**8-fold rise in defence export sign of new India: PM Modi ကို ဘာသာပြန်ဆိုပါသည်။**

## ရုရှားက Geran-2 Kamikaze ဒရုန်းများအသုံးပြု၍ ယူကရိန်းကို တိုက်ခိုက်ခဲ့

ရုရှားနိုင်ငံသည် ယခုနှစ် စက်တင်ဘာလကတည်းက ယူကရိန်းကိုတိုက်ခိုက်ရန်အတွက် ရုရှားထုတ် Geran-2 Kamikaze ဒရုန်းများကို စတင်အသုံးပြုခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင်လည်း ယူကရိန်းမြို့တော်ရှိ ပစ်မှတ်အများအပြားကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

၎င်းတို့သည် အလျား နှစ်မီတာရှည်သော ဒရုန်းများဖြစ်သည်။ အော်ပရေတာများက စောင့်ကြည့်ခြင်း၊ ပစ်မှတ်များကို ထောက်လှမ်းနိုင်ပြီး တိုက်ခိုက်ရေးတာဝန်များပါ ပေးအပ်နိုင်သည်။ ရုရှားဒရုန်းများ၏ထူးခြားချက်မှာ မော်တော်ဆိုင်ကယ်များသို့မဟုတ် သံဖြတ်လွှများမှ အင်ဂျင်သံနှင့် အတူတူပင်ဖြစ်သည်။

ထိုသို့သော Geran-2 Kamikaze ဒရုန်းများသည် ခရုဇ်ဒုံးကျည်များထက် ဈေးသက်သာသည်ဟု ယုံကြည်ကြသည်။ ၎င်းတို့သည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်စွမ်းရှိပြီး ၎င်းတို့အား ရန်သူနောက်ပိုင်းနေရာများထိ တိုက်ခိုက်ရန်အတွက် အသုံးပြုနိုင်သည်။ Geran-2 Kamikaze ဒရုန်းများကို Odessa၊ Nikolaev၊ Bila Tserkva နှင့် ယူကရိန်းတို့တွင် အသုံးပြုတိုက်ခိုက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ယူကရိန်းအာဏာပိုင်များ၏ အစီရင်ခံစာအရ ယူကရိန်းစစ်ဘက်သည် Geran-2 Kamikaze ဒရုန်းအချို့ကို ပစ်ချနိုင်ခဲ့ဖြစ်သည်။

စက်တင်ဘာလက ယူကရိန်းမီဒီယာမှ ထုတ်ပြန်ခဲ့သော ပြုတ်ကျခဲ့သည့် ဒရုန်းတစ်စင်း၏ အပျက်အစီးဓာတ်ပုံများတွင် နံပါတ်ဘေး၌ "Geran-2" ဟူသော စာတန်းကို မြင်တွေ့ခဲ့ရသည်။

အမှန်စင်စစ် Geran-2 Kamikaze သည် အီရန်နိုင်ငံ၏ Shahed 136 UAVs နှင့်အလားတူပြီး ပြည်တွင်းထုတ်ဗားရှင်းဖြစ်နိုင်ဖွယ်ရှိသည်။ ယူကရိန်းတွင် ထွက်ပေါ်လာပြီးနောက် မကြာခင် အနောက်မီဒီယာများနှင့် ထောက်လှမ်းရေးသတင်းများက ရုရှားဖက်ဒရေးရှင်းတီဟီရန်မှဒရုန်းများ ရာနှင့်ချီလက်ခံခဲ့ကြောင်း သတိပေးခဲ့သည်။ သို့သော် နှစ်ဖက်စလုံးမှ အဆိုပါစွပ်စွဲချက်များအပေါ် ငြင်းဆိုထားကြသည်။

Geran-2 Kamikaze ဒရုန်းများသည် ယူကရိန်းအတွက် အိပ်မက်ဆိုးဖြစ်လာသည်ဟု စစ်ရေးကျွမ်းကျင်သူ Alexei Leonkov က ပြောကြားခဲ့သည်။

"ရုရှားနိုင်ငံသည် Geran-2 Kamikaze ဒရုန်းများအကူအညီဖြင့် ယူကရိန်း၏ အရေးပါသော အခြေခံအဆောက်အအုံများကို တိုက်ခိုက်နိုင်ခဲ့ရုံမျှမက ရုရှားစစ်ဘက်လက်နက်တိုက်တွင် ပိုင်ဆိုင်ထားသော ဝေဟင်၊ ပင်လယ်ပြင်နှင့် မြေပြင်အခြေစိုက် ခရုဇ်ဒုံးကျည်များ အသုံးပြု၍လည်း တိုက်ပွဲဝင်လျက်ရှိကြောင်း Moskovsky Komsomolets သတင်းစာနှင့်အင်တာဗျူးတွင် စစ်ရေးကျွမ်းကျင်သူ Alexei Leonkov က ပြောကြားခဲ့သည်။



**https://english.pravda.ru/news/hotspots/154470russia_kamikaze_drones/ ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန်အတွက် ရုရှားကို မောင်းသူမဲ့ဒရုန်းများပံ့ပိုးပေးနေသည့်အပေါ် အီရန် ငြင်းဆို

ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန်အတွက် အီရန်က မောင်းသူမဲ့ဒရုန်းတွေကိုလွှဲပြောင်းပံ့ပိုးပေးနေတယ်ဆိုတဲ့ အခြေအမြစ်မရှိ၊ ခိုင်လုံမှုမရှိတဲ့ ပြောဆိုနေမှုတွေအပေါ် ကျွန်တော်တို့ ပြတ်ပြတ်သားသားငြင်းဆိုကြောင်း အီရန်သံအမတ်ကြီး Saeed Iravani က အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။





ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန် ရုရှားနိုင်ငံသို့ မောင်းသူမဲ့ဒရုန်းများ ပံ့ပိုးပေးနေသည်ဟု အခြေအမြစ်မရှိသော စွပ်စွဲပြောဆိုချက်များအပေါ် ကုလသမဂ္ဂဆိုင်ရာ အီရန်နိုင်ငံ သံအမတ်ကြီး Saeed Iravani က ပြောကြားခဲ့သည်။

အီရန်အပေါ် လုပ်ဆောင်နေသည့် နိုင်ငံရေးအစီအစဉ်နှင့် မဟုတ်မမှန်လုပ်ကြံမှုများသည် စိတ်ပျက်ဖွယ်ကောင်းကြောင်း Iravani က ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၉ ရက်တွင် ဥရောပသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး Nabila Massrali က အဆိုပါအဖွဲ့သည် ရုရှားနိုင်ငံသို့ အီရန်၏ဒရုန်းများ ပံ့ပိုးမှုဆိုင်ရာ အထောက်အထားများကို စုဆောင်းပြီး တုံ့ပြန်ရန်ပြင်ဆင်နေသည်ဟု ပြောကြားခဲ့သည်။

အီရန်ထံမှ တိုက်ခိုက်ရေးဒရုန်းများကို ရုရှားကဝယ်ယူခဲ့သည်ဟု စွပ်စွဲချက်ကို အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး Jake Sullivan က ဇူလိုင်လတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး Hossein Amirabdollahian က ၎င်း၏နိုင်ငံသည် ရုရှားနိုင်ငံသို့ လက်နက်များပံ့ပိုးပေးနေခြင်းမှာ မဟုတ်ကြောင်း ငြင်းဆိုထားပြီး ရုရှားနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက မောင်းသူမဲ့လေယာဉ်ရောင်းချမှုနှင့်ပတ်သက်၍ အမေရိကန်မီဒီယာများက စွပ်စွဲရေးသားနေမှုများ ပျံ့နှံ့နေကြောင်း ပြောဆိုခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Nasser Kanaani က အမေရိကန်မီဒီယာများ၏ ဖော်ပြချက်များကို ငြင်းဆိုခဲ့ပြီး ပဋိပက္ခတွင်မည်သည့်နိုင်ငံကိုမျှ လက်နက်များတင်ပို့ခြင်း၊ ရောင်းချခြင်းမရှိကြောင်း အီရန်အစိုးရ၏ သဘောထားကို ထပ်လောင်းပြောကြားခဲ့သည်။

**Iran Rejects Claims of Providing Drones to Russia for Use in Ukraine - Envoy to UN ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# ပဲခူးမြို့နယ် ဘုရားကြီးမြို့တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါးဧက ၁၆၃၀၀ စိုက်ပျိုးမည်



ပဲခူးမြို့နယ် ဘုရားကြီးမြို့ရှိ ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့တွင် လာမည့်နွေစပါး စိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၆၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ပဲခူးမြို့နယ် ဘုရားကြီး မြို့တွင် ပြီးခဲ့သည့်နှစ် နွေစပါးစိုက် ပျိုးရာသီ၌ နွေစပါးဧက ၁၃၀၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၆၃၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့စိုက်ပျိုးနိုင် စေရန် နွေစပါးစိုက်တောင်သူများကို ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီသွား မည်ဖြစ်ကြောင်း သိရသည်။

"ဘုရားကြီးမြို့မှာ နွေစပါး စိုက်ပျိုးမှုအနေနဲ့ ဧက ၁၆၃၀၀ လောက်ထိ စိုက်ပျိုးသွားပါမယ်။ အဲဒီအတွက်လဲ တောင်သူတွေ အတွက် စိုက်ပျိုးရေရရှိရေး နည်းလမ်းတွေ၊ စိုက်ပျိုးရေးနည်း ပညာတွေ ပံ့ပိုးကူညီသွားမှာပါ။ ဒါ့အပြင် ဓာတ်မြေဩဇာတွေကိုလဲ တောင်သူတွေ ဈေးနှုန်းသက်သာ စွာနဲ့ဝယ်ယူရရှိနိုင်အောင် ကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ တယ်"ဟု ပဲခူးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောပြသည်။

ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် ဒေသတွင်းစပါး အထွက်နှုန်း တိုးတက်လာစေရန်၊ တစ်ဧကအထွက်နှုန်း ကောင်းမွန် လာစေရန်၊ စပါးမျိုးကောင်းမျိုးသန့် များ စိုက်ပျိုးနိုင်စေရန်အတွက် ဒေသခံစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးနည်းပညာများ ဆောင် ရွက်ပေးလျက်ရှိသည့်အပြင် မျိုး ကောင်းမျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများ ပံ့ပိုးကူညီဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နယ် ဘုရားကြီးမြို့တွင် ယခုနှစ် မိုး ရာသီ၌ မိုးစပါးစိုက်ဧက တစ်သိန်း ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံ တောင်သူများ လက်မှုလယ်ယာ စနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးလာနိုင်စေရန် ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုး ပေးခြင်း၊ ကောက်စိုက်စက် အသုံး ပြုနည်းများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ပဲခူး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောပြ၍ သိရသည်။

**မိုးယံ(ဥက္ကလာ)**

# ကွမ်းလုံမြို့နယ် ခိုင်ပန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ကွမ်းလုံ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းလုံမြို့နယ် ခိုင်ပန်ကျေးရွာ တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ် ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့ နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၅ ဒသမ ဝ၃ သန်း ဖြင့် ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေ ကန်တည်ဆောက်ခြင်းနှင့် နှစ် လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က ရေပေးရေး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင် စေရေးအတွက် စနစ်တကျထိန်းသိမ်း အသုံးပြုသွားရန်၊ ရေအလေအလွင့် မရှိစေရေးအတွက် စနစ်တကျ သုံးစွဲသွားကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ ကြောင်း သိရသည်။



ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ အုပ်စု ခိုင်ပန်ကျေးရွာတွင် ဆောင် ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်း ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တည် ဆောက်ခြင်း၊ နှစ်လက်မရေပိုက် လိုင်း ၁ ဒသမ ၂၆ ဖာလုံ သွယ်တန်း ခြင်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဩဂုတ်လပထမ ပတ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း များ ဆောင်ရွက်ပေးနိုင်ခဲ့ရာ လက်ရှိ တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး ပြီဖြစ်၍ ကျေးရွာတွင်း သောက်သုံး ရေ လုံလောက်စွာရရှိသုံးစွဲနိုင်မည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန် တစ်ဖက်တစ်လမ်း က အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပြည်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပြည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန် များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန် စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ် ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများ၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများ ဖြင့် ကျေးလက်ကုန်ထုတ်လမ်းခုနစ် လမ်း ဖောက်လုပ်ဆောင်ရွက်ပြီးစီး မှုအခြေအနေများကို အောက်တို ဘာ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကုန်ထုတ် လမ်းဖြစ်မြောက်ရေးကော်မတီဝင် များနှင့်အတူ ကုန်ထုတ်လမ်းများ ဖောက်လုပ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက လိုအပ်သည်များ မှာကြားခဲ့သည်။

ပြည်ခရိုင်အတွင်း လက်ပံတော ကျေးရွာ၊ လဲကျေးရွာ၊ ဇောဇိကုန်း ကျေးရွာနှင့် ကြို့ကုန်း(မဟာသိုက် ကုန်း)ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၅၉ ဒသမ ၂၈၁ သန်းဖြင့်လည်းကောင်း၊ တောင်ခွေးရဲကျေးရွာ၊ ဆင်ဖြူကုန် ကျေးရွာနှင့် ထန်းကုန်းကျေးရွာတို့၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅ ဒသမ ၆၄၁ သန်းဖြင့်လည်း ကောင်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူ၍ ကျေး လက်ကုန်ထုတ်လမ်းများကို ယခု ဘဏ္ဍာနှစ် ဩဂုတ်လတတိယပတ် မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း သိရသည်။

အဆိုပါ ကျေးရွာခုနစ်ရွာ၌ ကျေးလက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုကြောင့် ကျေးရွာ များရှိ အိမ်ခြေ ၃၃၃၁ အိမ်၊ လူဦး ရေ ၁၂၃၅၂ ဦးတို့၏ လယ်ဧက ၃၉၃၀ ကျော်မှ ထွက်ရှိလာသော လယ်ယာထုတ်ကုန် ထွက်ကုန်များ ကို ဈေးကွက်သို့ ဈေးနှုန်းသက်သာ စွာဖြင့် လွယ်ကူလျင်မြန်စွာပို့ဆောင် နိုင်မည်ဖြစ်ကြောင်း ပြည်ခရိုင် ဦးစီးမှူး ဦးဟန်မြင့်ထွန်းက ပြောပြ ၍ သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၆၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၅၅၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၂၁**

ပုသိမ်ကြီးမြို့နယ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ မြရတနာခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးတက္ကသိုလ်များနည်းတူ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများပေးစွမ်းနိုင်သော ကျန်းမာရေးပညာရှင်များမွေးထုတ်ပေးနေသည့်တက္ကသိုလ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များဖြစ်ရုံသာမက နိုင်ငံတကာအဆင့်မီပညာရပ်များ လေ့လာတတ်မြောက်သည့် သုတေသနပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အေးချမ်းစွာပညာသင်ကြားရေးနှင့် ဘက်စုံထူးချွန်နိုင်ရန် လိုအပ်သည်များကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ တတ်မြောက်ထားသည့်ပညာဖြင့် ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလင်းထက်မြင့်က တက္ကသိုလ်၏ သမိုင်းကြောင်း၊ လက်ရှိအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ ရတုအဆက်ဆက်ဆေးဘက်သမားတော်ကျောင်း ဂုဏ်ပြုသီချင်းအပါအဝင် တေးသီချင်း သရုပ်ဖော်တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဖျော်ဖြေတင်ဆက်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားပြီး တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပုသိမ်ကြီးကားလမ်း ဝဲယာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးရာ သန့်ရှင်းသပ်ရပ်ပြီး လမ်းသွားလမ်းလာ ပြည်သူလူထုစိတ်ချမ်းမြေ့ကာ အမြင်တင့်တယ်စေရေး၊ စိုက်ပျိုးထားသည့်အပင်များ ပျက်စီးမှုမရှိစေရန် ဂရုစိုက်ဆောင်ရွက်ရေး၊ သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ပန်းတင်ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၆၉)သို့တက်ရောက်မည့် ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၂၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၉)သို့တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများ



အနေဖြင့် နိုင်ငံတော်က ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော အထူးမွမ်းမံသင်တန်းတွင် ကျန်းမာရေးကို အထူးဂရုစိုက်ကာ သင်တန်းစည်းကမ်းများလိုက်နာပြီး ကြိုးစားသင်ယူကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးဘဝတွင်လည်း အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးအရည်အချင်းတို့ဖြင့် ထူးချွန်ထက်မြက်သော လမ်းပြကြယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ ၉၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၉ သိန်းကိုပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၉၅ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၉၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၅၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၇၄၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့်Mask များကိုဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မကွေးမြို့ရှိ မဟာဝိသုတာရာမ(တိုက်သစ်)၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကို လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း၊ မကွေးမြို့ မြို့ဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေနံချောင်းမြို့နယ် စံပြတမာစိုက်ခင်း ဧက ၁၀၀ စီမံကိန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု



ဆရာတော်၊ သံဃာတော်များကို တာဝန်ရှိသူတစ်ဦးက သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မဟာဝိသုတာရာမ(တိုက်သစ်)၌ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကို သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မဟာဓမ္မိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များကို သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အသစ်ပြန်လည်တည်ဆောက်လျက်ရှိသော မကွေးမြို့ မြို့ဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ချောက်ခရိုင် ရေနံချောင်းမြို့နယ် စံပြတမာစိုက်ခင်း ဧက ၁၀၀ စီမံကိန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့ မကွေးမြို့ မြို့ဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း



တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓတက္ကသိုလ် ဓမ္မာရုံ၌ပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များကို အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## အောက်တိုဘာ ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၇ ဦး တွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး


### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူစုစုပေါင်း | ၆၃၀၁၈၃ ဦး |
| သေဆုံးသူ | ၁၉၄၇၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၃၇၆၄ ဦး |

**နေပြည်တော် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၀၅၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၇ ဦး တွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Myanmar Airways International (MAI) မှ Chief Commercial Officer ဖြစ်သူ Mr. Tanes Kumar နှင့် အဖွဲ့ကို အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ အစိုးရရုံးပိတ်ရက်ကာလများအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရေးနှင့်စပ်လျဉ်း၍ အထူးသဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ Hybrid စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုပွင့်လင်းရာသီတွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ စဉ်ဆက်မပြတ်ကျရောက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လွယ်ကူအဆင်ပြေစွာ သွားရောက်လည်ပတ်နိုင်ရေးအတွက် ဒေသအလိုက် အဆင်ပြေစွာသွားလာနိုင်ရေး တည်းခိုနေထိုင် စားသောက်ရေးအပိုင်းများတွင် အဘက်ဘက်အဆင်ပြေအောင် ဂရုပြုစီစဉ်ကြရန်လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာခြင်းဖြင့် ဒေသခံများ၏ လူမှုဘဝစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ ဖြစ်စေသည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ခရီးစဉ်ဒေသများတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများက ခရီးစဉ်ဒေသများအလိုက် အစိုးရရုံးပိတ်ရက်ကာလများအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ခရီးသွားဆွဲဆောင်ရာနေရာများသို့ သွားလာလည်ပတ်မှုအခြေအနေများ၊ တည်းခိုနေထိုင်မှုအခြေအနေများနှင့် ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန နီလာခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Myanmar Airways International (MAI) မှ Chief Commercial Officer ဖြစ်သူ Mr. Tanes Kumar နှင့် အဖွဲ့ကို အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပျံသန်းပြေးဆွဲခွင့်ပြုခဲ့ပြီး လေကြောင်းလိုင်းများအနေဖြင့် ခရီးသွားမြှင့်တင်ရေးအတွက် ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ယခုအခါ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် လုပ်ငန်းရှင်များလာရောက်နိုင်ရန် နိုင်ငံတော်က အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်နိုင်ရန်အတွက် Ural Airline Inflight မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း MAI အနေဖြင့်လည်း လေကြောင်းပို့ဆောင်ရေးအပိုင်းမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

ဆက်လက်၍ Myanmar Airways International (MAI) မှ Chief Commercial Officer ဖြစ်သူ Mr. Tanes Kumar က MAI လေကြောင်းလိုင်းမှ စီစဉ်ဆောင်ရွက်သွားမည့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအမံများ၊ ဒေသတွင်းနိုင်ငံများနှင့် ခရီးစဉ်များ တိုးချဲ့ပျံသန်းမည့်အစီအစဉ်များ၊ လတ်တလောပြေးဆွဲဆောင်ရွက်နေသည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် အချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ နီနီဝင်းရွှေသည် ၎င်းအသုံးပြုသည့် "NI NI WS" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ သံလုံးပစ်နှင့် လှံတံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းစီတို့ဖြင့် အောက်တိုဘာ ၂၈ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# သံတမန်ရေးရာသင်တန်း အမှတ်စဉ် (၇/၂၀၂၂) သင်တန်းဆင်းပွဲကျင်းပ




**ရန်ကုန် အောက်တိုဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော ဌာနစုမှူး-၂ တတိယအတွင်းဝန် အရာထမ်းငယ်များအတွက် ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း (Course in Diplomacy-CID) အမှတ်စဉ်(၇/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ သင်တန်းပို့ချပေးခဲ့ကြသည့် ဝါရင့်သံတမန်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ နည်းပြဆရာကြီး၊ ဆရာမကြီးများ၊ တက္ကသိုလ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းပြီးမြောက်ကြောင်း အောင်လက်မှတ်များနှင့် ထူးချွန်သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်တွင် ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)တွင် အောက်တိုဘာ ၃ ရက်မှ ၂၁ ရက်ထိလည်းကောင်း စုစုပေါင်း ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတကြွယ်ဝစေရန်အတွက် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတကာဆက်ဆံရေး၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ သံတမန်ရေးရာဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ အထွေထွေဗဟုသုတများနှင့် လက်တွေ့အသုံးချ အင်္ဂလိပ်စာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် NSSA အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲတက်ရောက် CMP စက်ရုံများကို ကွင်းဆင်းကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲနှင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် စက်ရုံ၊ အလုပ်ရုံများကို အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း သုဝဏ္ဏခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျွမ်းကျင်လုပ်သား ၅၄၃ ဦး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ရှစ်ခု၊ Inspector ခုနစ်ဦးနှင့် Assessor ၁၄ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး ASEAN လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ယက်ဆု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ခံများကို ဂုဏ်ပြုလက်မှတ် ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံအရှေ့မြို့နယ်ရှိ West Wood Myanmar Co,.Ltd၊ Sanyuan Oversea Myanmar Co,.Ltd နှင့် General Enterprise Garnment သို့ ရောက်ရှိပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်နှင့် လုပ်သားများမှ ကောင်းမွန်သည့်လုပ်ငန်းခွင်ဆက်ဆံရေး တည်ဆောက်ရန်လိုကြောင်း၊ ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားရေးရာဥပဒေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မိမိတို့ဦးစီးဌာန၊ အဖွဲ့ရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မှာကြားသည်။



ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ၁၃၀၀ ကျော် ဖွဲ့စည်းနိုင်ခဲ့ပြီး ဦးစီးဌာနမှ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ တိုင်းတာအကဲဖြတ်ခြင်းကို အကြိမ် ၉၀၀ ကျော် တိုင်းတာပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်မီးလင်းရေးလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယနေ့ထိ အိမ်သုံး၊ အများသုံး ဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ်တို့ဖြင့် မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၃၅ ဒသမ ၆ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်ခဲ့ပြီး စွမ်းအင်ကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (ESMAP) လေ့လာချက်စစ်တမ်းများအရ စွမ်းအင်ရရှိမှုအဆင့် ၁ မှ ၅ ထိ ဖြည့်ဆည်းပေးနိုင်ခဲ့ကာ ယခုဘဏ္ဍာနှစ်တွင်လည်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၁၀၄၀၊ အိမ်ခြေပေါင်း ၄၈၇၅၁ အိမ်ကိုလည်းကောင်း၊ အသေးစားဓာတ်အားစနစ် စီမံကိန်းလုပ်ငန်း သုံးခုကို ကျေးရွာရှစ်ရွာ အိမ်ခြေ ၁၂၁၅ အိမ်ကို လည်းကောင်း လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၃၆)တွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အသေးစားဓာတ်အားစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော ကုမ္ပဏီ ၁၃ ခုမှ ကိုယ်စားလှယ် ၂၆ ဦးတို့က အဖွဲ့ငါးဖွဲ့ခွဲ၍ အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းအကြံပြုချက်များ၊ အသေးစားဓာတ်အားစနစ်၏ စီမံကိန်းထောက်ပံ့ငွေ သဘောတူစာချုပ်အပေါ် မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များကို ရှင်းလင်းဆွေးနွေးကြပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ထိ ခြောက်နှစ်တာကာလအတွင်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာ ၉၁၆၃ ရွာ၊ အိမ်ခြေ ၄၁၈၃၆၃ အိမ်၊ အသေးစားဓာတ်အား စနစ်ဖြင့် စီမံကိန်းလုပ်ငန်း ၁၂၆ ခု၊ ကျေးရွာ ၁၆၂ ရွာ၊ အိမ်ခြေ ၃၈၉၁၃ အိမ်၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးကာ စုစုပေါင်း ကျေးရွာ ၉၃၂၅ ရွာ၊ အိမ်ခြေ ၄၅၇၂၇၆ အိမ်၊ လူဦးရေ ၂ ဒသမ ၃ သန်းခန့်ကို အကျိုးပြုနိုင်ခဲ့ပြီး စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘာသာရေးအဆောက်အအုံ စသည်တို့အတွက်လည်း အများသုံးဆိုလာစနစ် ၁၆၀၈၈ ခု၊ လမ်းမီးတိုင်ပေါင်း ၅၃၉၂၂ တိုင်ကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃၃၈ ခု အတွက်လည်း လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကော့ကရိတ်မြို့နေပြည်သူတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့နေပြည်သူတစ်ဦး ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် အင်အားသုံး၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျကြိုတင်စုဖွဲ့ အသင့်ဖြစ်မှုတို့ကြောင့်လည်းကောင်း၊ တာဝန်သိပြည်သူများက တိုက်ပွဲအတွင်းမှ သောင်းကျန်းသူနေရာများအား သတင်းပေးပို့မှုကြောင့် လည်းကောင်း အကြမ်းဖက်သမားများ၏ ဝင်ရောက်တိုက်ခိုက်မှုကို ဝန်ထမ်းအိမ်ရာတစ်ဝိုက်မှလွဲ၍ ထိရောက်စွာတုံ့ပြန်တိုက်ခိုက်နိုင်ခဲ့သဖြင့် နံနက် ၁၀နာရီချိန်ခန့်တွင် သောင်းကျန်းသူများ အထိနာ၍ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ဝန်ထမ်းရပ်ကွက်အတွင်း ရောက်ရှိလာသော သောင်းကျန်းသူများမှာ အရပ်သားပြည်သူများနေထိုင်နေသည့် လူနေအိမ်များအတွင်းမှ အရပ်သားပြည်သူများနှင့် အဆောက်အအုံများကို အကာကွယ်ရယူကာ လူသားဒိုင်းအဖြစ် အသုံးချတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူနှင့်လူနေအဆောက်အအုံများကို ထိခိုက်မှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်း အကန့်အသတ်ဖြင့်တိုက်ခိုက်ရခြင်း၊ ဝိုင်းပတ်ချေမှုန်းနိုင်ရေး ဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် ညနေ ၃ နာရီခန့်မှသာ သောင်းကျန်းသူများ ဝန်ထမ်းရပ်ကွက်အတွင်းမှ ကစဉ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ကော့ကရိတ်မြို့၏ မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက လေကြောင်း၊ အမြောက်နှင့်သံချပ်ကာယာဉ်များ၏ ပစ်ကူရယူ၍ ထက်ကြပ်လိုက်လံချေမှုန်းလျက်ရှိသည်။

အကြမ်းဖက်သမားများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့်လတ်တလော သတင်းရရှိချိန်အထိ လူနေရပ်ကွက်အတွင်း ရှိနေအိမ်အချို့ထိခိုက်ပျက်စီးခဲ့ရပြီး အပြစ်မဲ့ပြည်သူအမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၆ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အန္တရာယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့များအနေဖြင့် မြို့ရွာလုံခြုံရေးတပ်ဖွဲ့များကို အလစ်ငိုက်တိုက်ခိုက်ခဲ့သော်လည်း မြို့နေလူထု၏ အသေးစိတ်အချိန်မီသတင်းပေးပို့ချက်အရ လိုအပ်သောအမြောက်၊ လေကြောင်းနှင့် သံချပ်ကာပစ်ကူများကို တိကျထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ လုံခြုံရေးအဖွဲ့များ၏ ရှုပ်ရှုပ်ချချဖြင့်တုံ့ပြန်တိုက်ခိုက်နိုင်ခြင်းတို့ကြောင့် ၎င်းတို့၏ အကြံအစည်မအောင်မြင်ဘဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး ကော့ကရိတ်မြို့ကို ရန်သူ့လက်သို့ ကျရောက်မည့်အန္တရာယ်နှင့် မြို့အားရန်သူ၏ မီးလောင်တိုက်သွင်းမည့်အန္တရာယ်မှ တားဆီးကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။









ကော့ကရိတ်မြို့နေပြည်သူများ ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံ။

# သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကိုပြည့်ဝစွာ အသုံးချနိုင်စေရန် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာနေ ဝဲပကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာဖြစ်သည့် ဦးနောင်နောင်စိုး ၄၀ နှစ် (ဘ)ဦးလှစိုးသည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁၀ ဦးခန့်က ၎င်း၏နေအိမ်အတွင်း ဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်ပြီးနောက် အကြမ်းဖက်သမားများသည် အဆိုပါကျေးရွာနေ ဦးစိုးထိုက် ၃၇ နှစ် (ဘ)ဦးစိုးမြင့်၏နေအိမ်သို့ထပ်မံဝင်ရောက်ကာ ဦးစိုးထိုက်အား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ပြီး ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် ဦးနောင်နောင်စိုးသည် ဦးခေါင်းနှင့် ရင်ဘတ်၌ကျည်ထိမှန်ဒဏ်ရာ နှစ်ချက်ရရှိကာ အချင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးစိုးထိုက်တွင် ဝမ်းဗိုက်နှင့်ဝဲပေါင်တို့၌ ကျည်ထိမှန်ဒဏ်ရာ နှစ်ချက်ရရှိခဲ့သဖြင့် ထားဝယ်ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့်NUG၊PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကိုဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

# ပြည်ပန်းညိုအကြောင်း တစေ့တစောင်း

မန်းတင့်မော်



ပြည်ပန်းညိုဟုဆိုလိုက်လျှင် မြန်မာ့ဟင်းသီးဟင်းရွက်များထဲမှ တစ်မျိုးဖြစ်ကြောင်း အများသိကြပါသည်။ အထူးသဖြင့် အညာဓလေ့ ဟင်းရွက်စုံဟင်းချိုထဲတွင် မပါမဖြစ် ဟင်းရွက်တစ်မည်ဖြစ်ပါသည်။ ဆူးပုပ်ကလေး၊ ကင်းပုံရွက်၊ ဂုံရွက် အစရှိသော ဟင်းရွက်များနှင့်အတူ ပြည်ပန်းညိုရွက်ပါ ဟင်းချိုချက်စားလျှင် ရန့်မွှေးပျံ့သော ဟင်းတစ်ခွက်ဖြစ်ပြီး ထမင်းစား၍မြိန်လှသည်။ ပြည်ပန်းညိုရွက်သီးသန့်ဟင်းချိုကိုလည်း စွဲစွဲမက်မက်ချက်စားလေ့ရှိသည်။ မြေလတ်ဒေသ ရောဝတီမြစ်အနောက်ဘက်ကမ်းဒေသတချို့တွင် ရိုးရာယုံကြည်မှုအရ "အနောက်ကတော်"နတ်တင်မြှောက်ပသသောအခါ ပုစွန်ဆိတ်၊ မန်ကျည်းမှည့်နှင့်ချက်သော ဟင်းနှင့်အတူ ပြည်ပန်းညိုရွက်ဟင်းချိုက မပါမဖြစ်ပါဝင်သည့် ဟင်းဖြစ်ကြောင်းလည်း မှတ်သားမိသည်။ ထို့ကြောင့် ပြည်ပန်းညိုနှင့် မြန်မာဓလေ့ ယှဉ်တွဲလျက်ရှိခဲ့သည်မှာ ကာလကြာမြင့်ပြီဟု ဆိုနိုင်သည်။

ပြည်ပန်းညိုဟင်းချက်ရာတွင် ဆားထည့်၍ချက်ရာ၌ ဆားပမာဏ သင့်ရုံသာထည့်ရပြီး ဆားများပါက ဟင်းအရသာပျက်တတ်ကြောင်း မြန်မာတို့က "ပြည်ပန်းညိုချိုပါလျက် ဆားကမြက်"ဟု စကားပုံခိုင်းနှိုင်းပြောဆိုလေ့ရှိသည်။ မြန်မာစကားပုံစာအုပ်တွင် "ပြည်ပန်းညို ဟင်းချိုသည် မူလအရသာချိုပါလျက် ဆားစွက် လွန်ကဲသဖြင့် အရသာပျက်သွားရသကဲ့သို့ မူလက မြေလည်နေပါလျက် ဘေးမှစွက်ဖက်သဖြင့် မပြေမလည်ဖြစ်ရသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပြည်ပန်းညိုနှင့်စပ်လျဉ်း၍ မှတ်သားမိသမျှ မျှဝေတင်ပြလိုပါသည်။

ပြည်ပန်းညိုပင်ကို သိပ္ပံနည်းကျမျိုးခွဲလျှင် မျိုးရင်း Fabaceae အောက်တွင်ထည့်သွင်းထားသည်။ သိပ္ပံအမည်အားဖြင့် Senna sulfurea ဟု မှည့်ခေါ်ထားသည်။ မျိုးတူအမည် Cassia glauca ဟူ၍လည်း လူသိများသည်။ ပြည်ပန်းညိုပင်၏ မျိုးစုအမည် Senna ဆိုသည်မှာ ချုံပုတ် သို့မဟုတ် ဆူးချုံကို အာရပ်စကား Sana မှ ၁၆ ရာစုတွင် လက်တင်ဖြစ်လာသောစကားဟု သိရသည်။ Sulfurea ဆိုသည်မှာ ကန့်ကဲ့သို့သော အဝါရောင်မျိုးကိုဆိုလိုသည်။ မဲဇလီ၊ တောမဲဇလီ၊ ငုရွှေ၊ ပိတ်သင်းခတ်ပင်တို့နှင့် မျိုးနွယ်တော်စပ်သည်။ ပြည်ပန်းညိုပင်ကို ပြည်ပန်းရွှေပင်ဟုလည်း ခေါ်ဆိုကြသေးသည်။ ယိုးဒယားပြည်ပန်းညိုဟူသော ပြည်ပန်းညိုတစ်မျိုးလည်းရှိသေးကြောင်း မှတ်သားမိပါသည်။ ပြည်ပန်းညိုပင်၏ မူရင်းဇာတိဒေသမှာ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ကြပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယနိုင်ငံနှင့်ကမ္ဘာ့အပူပိုင်းဒေသများတွင် သဘာဝပေါက်ပင်အဖြစ်သော်လည်းကောင်း၊ စိုက်ပျိုးပင်အဖြစ်သော်လည်းကောင်း တွေ့ရှိနိုင်သည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၀၀၀ ခန့်ထိ ပေါက်ရောက်နိုင်ကြသည်ဟု ဆိုပါသည်။

ပြည်ပန်းညိုပင်၏ အပင်အမျိုးအစားမှာ ချုံပင်ကြီးမျိုးဖြစ်သည်။ ပင်စည်လုံး၍ ချောမွတ်သည်။ ပင်စည်ခွဲများလည်းရှိနိုင်သည်။ တစ်နည်းအားဖြင့် အပင်ငယ်မျိုးဟုဆိုနိုင်ပြီး အမြင့် ၁၀ ပေကျော်ရှိ၍ အကိုင်းအခက်များကာ တောက်ပြောင်သောအရောင်ရှိသည်။ ပြည်ပန်းညိုပင်၏အရွက်သည် ရွက်မြှာစုံတစ်ဆင့်ငှက်မွေးရွက်ပေါင်းဖြစ်သည်။ ရွက်မြှာရှစ်စုံမှ ကိုးစုံထိရှိသည်။ ရွက်လွှဲတည်ရှိသည်။ အရွက်မှာ ဘဲဥပုံ သို့မဟုတ် အဝိုင်းပုံရှိသည်။ အရွက်မျက်နှာပြင်များမှာ တောက်ပြောင်သည်။ ရွက်ညှာငယ်ရှိသည်။ ရွက်စွယ်ပါသော်လည်း အကြွေမြန်သည်။

ပြည်ပန်းညိုပန်းခိုင်မှာ ရွက်ကြားထွက်ရင်းတူထိပ်ညီအခြေခံရေစီမို့ (အဆုံးမဲ့) အမျိုးအစားဖြစ်သည်။ ပန်းပွင့်များ ပွင့်ကိုင်း၏ ထိပ်ပိုင်းအဆုံးတွင် စုဝေးလျက်တည်ရှိသည်။ ပန်းပွင့်အပွင့်ကြီး၍တောက်ပသော အဝါရောင်ရှိသည်။ ပန်းပွင့်တို့တွင် ပွင့်ခံရွက်နှင့် ပွင့်ညှာရွက်ရှိသည်။ ပွင့်ညှာပါရှိသည်။ ဖိုအင်္ဂါအုံနှင့် မအင်္ဂါအုံပါဝင်သော လိင်စုံပန်းပွင့်အမျိုးအစားဖြစ်သည်။ နှစ်ခြမ်းညီပန်းပွင့်ဖြစ်သည်။ ပွင့်ဖတ်များငါးခုရှိ၍ သီးခြားစီဖြစ်သော ပွင့်ဖတ်ကွာမျိုးဖြစ်သည်။ ပွင့်ဖတ်နှစ်ခုမှာကြီး၍ ကျန်သုံးခုမှာ အရွယ်ငယ်သည်။ ပွင့်ချပ်ငါးခုပါရှိ၍ ပွင့်ချပ်ကွာအမျိုးအစားဖြစ်သည်။ အဝါရောင်ရှိသည်။ ဝတ်ဆံဖို ၁၀ ခုပါပြီး ကိုးခုမှာ မျိုးအောင်၍ ကျန်တစ်ခုမှာအမြုံဖြစ်နေသည်။ ဝတ်ဆံအိတ်များမှာ မြားထိပ်သွား ပုံသဏ္ဌာန်ရှိသည်။ ဝတ်ဆံအခန်းနှစ်ခန်းပါသည်။ ထိပ်ဘက်အပေါက်မှ အက်ကွဲသည်။ ဝတ်ဆံတိုင်နှင့် ဝတ်ဆံအိတ်အလျားတူသည်။ ဝတ်ဆံဖိုထိပ်မှ အက်ကွဲသည်။ အမအင်္ဂါအုံတစ်ခုရှိ၍ ပန်းပွင့်အလယ်မှထွက်သည်။ အစေ့အိမ်ခန်းတစ်ခန်းရှိသည်။ အစေ့အိမ်အတွင်း ဘေးချက်တိုင်ဆက် အစေ့လောင်းများစွာပါရှိသည်။ အစေ့အိမ်ရှည်လျား၍ ထိပ်ပိုင်းကောက်နေသည်။ အစေ့အိမ်၏ အလျားသည် အဖိုအင်္ဂါများထက်ရှည်သည်။ ဝတ်မှုန်ခံတိုင်ဖြောင့်တန်းသည်။

ပြည်ပန်းညိုအသီးသည် နှစ်မြောင်းကွဲသီးတောင့်ရှည် ဘေးနှစ်ဖက်ပြားသည်။ သေးသွယ်၍ ကြိုးပြားပုံရှိတတ်သည်။ အလျား ခြောက်လက်မမှ ရှစ်လက်မထိရှည်သည်။ ဖြောင့်ချောသည်။ အစေ့ ၂၀ မှ ၃၀ ထိပါဝင်သည်။ အသီးညှာထင်ရှားသည်။ ပန်းပွင့်ချိန်ဝါဆို၊ ဝါခေါင်လတို့တွင်ဖြစ်ပြီး အသီးသီးချိန်မှာ တော်သလင်းလမှ တန်ဆောင်မုန်းလအတွင်း သီးသည်။ အစေ့တွင် အစေ့တွင်းစာ မပါရှိပါ။ အစေ့မှ အပင်များပျိုး၍ စိုက်ပျိုးနိုင်ကြသည်။

ပြည်ပန်းညိုအရွက်၊ အပွင့်၊ အသီးတို့တွင် ဆေးရင်းများအနေဖြင့် ဂလူကိုဆိုဒ်နှင့် ခရိုင်ဆိုဖနစ်အက်စစ်တို့ပါဝင်သည်။ မြန်မာဆေးကျမ်းများအလိုအရ ပြည်ပန်းညိုသည်အေး၏။ အရသာ ဖန်ခါး၏။ ဆီးကိုများစေ၍ ညောင်းကျရောဂါကို ပျောက်ကင်းစေနိုင်သည်ဟု သိရှိရသည်။ ပြည်ပန်းညိုကို ဆေးအဖြစ် အမျိုးမျိုးအသုံးပြုကြပါသည်။ အရွက်ကြိတ်ညစ်ရည်ကို နို့ရည်၊ သကြားတို့နှင့်သောက်လျှင် ဆီးအောင့်ရောဂါနှင့် ညောင်းကျရောဂါကို ပျောက်စေ၏။ အရွက်ကိုပြုတ်၍ ပုစွန်ခြောက်ဖြင့် သုပ်စားပါက လေထိုးလေအောင့်ရောဂါ၊ လေလုံးရောဂါ၊ အဖျားရောဂါ၊ ဆီးချိုရောဂါ၊ ညောင်းကျရောဂါပျောက်ကင်းနိုင်၏။ အရွက်ကို အမှုန့်ပြု၍စားပါက လေရောဂါ၊ အပူရောဂါ၊ ဆီးအောင့်ရောဂါများပျောက်၏။ အရွက်ကို ဟင်းချိုချက်သောက်ပါက ပိတ်ဝမ်းရောဂါ၊ သွေးဝမ်းရောဂါ၊ လေရောဂါ၊ အစာမကြေ၊ သည်းခြေပျက်ရောဂါများပျောက်၍ အားကိုဖြစ်စေကြောင်း မှတ်တမ်းများအရ သိရပါသည်။

အချို့သောဆေးကျမ်းများက ပြည်ပန်းညိုပင်၏ အရွက်၊ အပွင့်နှင့်အခေါက်များကို အသုံးပြုသည်။ ရှေးသမားတော်ကြီးများက လူနာကိုဓာတ်စာပေးရာတွင် ပြည်ပန်းညိုကို လက်ကိုင်ပြု၍ အမြဲသုံးစွဲစေသည်ဟုဆိုပါသည်။ ပြည်ပန်းညိုပဥ္စငါးပါးကိုအသုံးပြု၍ ယားယံခြင်း၊ အထက်သို့ဆန်သောလေနှင့် သလိပ်ကို ငြိမ်းစေတတ်၏။ အသံဝင်ရောဂါကိုနိုင်သည်ဟုလည်း သိရသည်။ ဆီးချိုရောဂါအတွက် ပြည်ပန်းညိုပင်မှ အရွက်နှင့်အခေါက်များကို ဆန်ပုံးရည်နှင့် သုံးခွက်တစ်ခွက်တင် ကျို၍နေ့စဉ် နံနက်၊ ည နှစ်ကြိမ်ခန့် သောက်သွားပါက ဆီးချိုရောဂါကို သက်သာစေသည်။ ဆီးချိုဖြစ်ခါစဆိုလျှင် ပျောက်ကင်း၍ ရောဂါရင့်ပါကလည်း အထောက်အကူဖြစ်စေသည်။ အမျိုးသားများ ပန်းသေပန်းညိုးနှင့် သုက်ရည်ခန်းရောဂါအတွက် ပြည်ပန်းညိုအရွက်နှင့်အပွင့်ကို ကြက်အသည်း သို့မဟုတ် ဆိတ်သားနှင့် ကြော်ချက်စားပါက သက်သာပျောက်ကင်းစေနိုင်သည်။ အသံဝင်ရောဂါအတွက် ပြည်ပန်းညိုရွက်ကို ထန်းလျက်အနည်းငယ်နှင့် သုံးပုံ တစ်ပုံ ကျန်အောင်ပြုတ်ပြီး တစ်ရက်လျှင် အကြိမ်းပန်းကန်နှစ်လုံးခန့်သောက်ပါက ပျောက်ကင်းစေနိုင်သည်။ ပြည်ပန်းညိုအရွက်ကို ပြုတ်၍သောက်ခြင်း၊ အရွက်နုနုလေးများကို စားခြင်းဖြင့် လည်ချောင်းနာနှင့် ချောင်းဆိုးရောဂါကို သက်သာစေသည်။

အညာဒေသရပ်ရွာများတွင် ပြည်ပန်းညိုပင်များကို စိုက်ပျိုးထားလေ့ရှိသည်။ ပဲအမျိုးမျိုးကို ဟင်းချိုချက်လျှင် ပြည်ပန်းညိုရွက်ကိုထည့်၍ စားသုံးလေ့လည်းရှိသည်။ ပြည်ပန်းညိုရွက်နှင့် အပွင့်များကိုပြုတ်၍ ငါးပိ၊ ငံပြာရည်ချက်တို့နှင့် တွဲဖက်လျက် တို့စရာအဖြစ်လည်း စားသုံးလေ့ရှိကြသည်။ "ပြည်ပန်းညိုချိုချင်ပါလျက် ဆားကဖျက်"ဟုလည်း သုံးနှုန်းလေ့ရှိပြီး တေးသီချင်းများတွင် ထည့်သွင်းစပ်ဆိုကြသည်များလည်းရှိသည်။ အဖြူအမည်းရုပ်ရှင်ခေတ်က "ပြည်ပန်းညို"အမည်ရှိ ဟာသဦးစားပေးရုပ်ရှင်ကား တစ်ကား ထွက်ပေါ်ခဲ့သည်ကိုလည်း မှတ်သားမိပါသည်။

ယခုအခါ ပြည်ပန်းညိုပင်များ ပွင့်ချိန်ဖြစ်၍ အစိမ်းရောင်အရွက်နှင့် ပင်စည်များတွင် ရွှေဝါရောင်အပွင့်များက ဝေဝေဆာဆာပွင့်လန်းလျက်ရှိသဖြင့် ပြည်ပန်းညိုပင်ကို အဝေးမှကြည့်လျှင်ပင် သိလွယ်မြင်လွယ်ပါသည်။ အပူပိုင်းဒေသတွင် ပို၍ဖြစ်ထွန်းသဖြင့် အညာတစ်ခွင် ပြည်ပန်းညိုပင်က သဘာဝအလှဆင်လျက်ရှိနေပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအပင်များ ထိန်းသိမ်းစောင့်ရှောက်မှုအရ ပြည်ပန်းညိုပင်ကို မျိုးသုဉ်းမှုအန္တရာယ်အနည်းဆုံး(ပေါများနေသေးသည့်)အဆင့် Least Concern (LC) အဆင့်တွင် သတ်မှတ်ထားပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်း ပြည်ပန်းညိုပင်များ ကာလရှည်စွာ ရှင်သန်ဖူးပွင့်ဝေဆာလျက် မြန်မာ့တိုင်းရင်းဆေးနှင့် ဒေသဆိုင်ရာဆေးအသုံးများတွင် ကာလရှည်စွာအထောက်အကူဖြစ်နေမည်မှာ သေချာလှပါသတည်း။

❖ အညာဒေသရပ်ရွာများတွင် ပြည်ပန်းညိုပင်များကို စိုက်ပျိုးထားလေ့ရှိသည်။ ပဲအမျိုးမျိုးကို ဟင်းချိုချက်လျှင် ပြည်ပန်းညိုရွက်ကို ထည့်၍ စားသုံးလေ့လည်းရှိသည်။ ပြည်ပန်းညိုရွက်နှင့် အပွင့်များကို ပြုတ်၍ ငါးပိ၊ ငံပြာရည်ချက်တို့နှင့် တွဲဖက်လျက် တို့စရာအဖြစ်လည်း စားသုံးလေ့ရှိကြသည်။ "ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်" ဟုလည်း သုံးနှုန်းလေ့ရှိပြီး တေးသီချင်းများတွင် ထည့်သွင်းစပ်ဆိုကြသည်များလည်းရှိသည်။ အဖြူအမည်းရုပ်ရှင်ခေတ်က "ပြည်ပန်းညို" အမည်ရှိ ဟာသဦးစားပေးရုပ်ရှင်ကားတစ်ကား ထွက်ပေါ်ခဲ့သည်ကို လည်း မှတ်သားမိပါသည်။ ❖

**ကိုးကား**

၁။ **မန္တလေးတိုင်းဆေးဝင်ပင်များ (ဒေါ်တင်မျိုးငွေ)**

၂။ **Senna. Wikipedia.**

၃။ **မြန်မာအပင်များ(ဝင်းတင်ဝင်း)**

# ပြင်သစ်အစိုးရအဖွဲ့ကို စွမ်းအင်ပဋိညာဉ်စာချုပ်မှနုတ်ထွက်ရန် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာအမြင့်ဆုံးကော်မတီက တိုက်တွန်းထား



**ပဲရစ် အောက်တိုဘာ ၂၁**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း စွမ်းအင်ဆိုင်ရာပဋိညာဉ်စာချုပ်သည် ရုပ်ကြွင်းလောင်စာထုတ်လုပ်ကုန်သွယ်သည့် ရုပ်ကြွင်းလောင်စာကုမ္ပဏီများကို အကာအကွယ်ပေးထားသည့် စာချုပ်ဖြစ်သည့်အတွက်ကြောင့် ပြင်သစ်အစိုးရအဖွဲ့ကို နုတ်ထွက်ရန် ပြင်သစ်နိုင်ငံ ရာသီဥတုဖောက်ပြန်မှုဆိုင်ရာအမြင့်ဆုံးကော်မတီက တိုက်တွန်းထားကြောင်း Eurativ သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်များကို အဟန့်အတားဖြစ်စေသည့် စွမ်းအင်ပဋိညာဉ်စာချုပ်ကြောင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ တိုးတက်မှုရှိလာမည်မဟုတ်သည့်အတွက် နယ်သာလန်၊ စပိန်နိုင်ငံတို့ နုတ်ထွက်ခဲ့ကြောင်း၊ ထို့ကြောင့် ပြင်သစ်နိုင်ငံအနေဖြင့် နယ်သာလန်၊ စပိန်နိုင်ငံတို့အတိုင်း ဆုံးဖြတ်သင့်ကြောင်းလည်း ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အမြင့်ဆုံးကော်မတီက တိုက်တွန်းခဲ့သည်။

"စွမ်းအင်ပဋိညာဉ်စာချုပ်ဟာ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွေကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ပြင်သစ်နိုင်ငံအနေနဲ့ ၂၀၅၀ ပြည့်နှစ်အရောက်မှာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အလေးထားဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ရည်မှန်းချက်ကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ဖို့အတွက် စွမ်းအင်ပဋိညာဉ်စာချုပ်ကနေနုတ်ထွက်ဖို့ လိုအပ်နေပါတယ်။ ဒီစာချုပ်ဟာ ရုပ်ကြွင်းလောင်စာကုမ္ပဏီတွေကို အကာအကွယ်ပေးနေတဲ့ စာချုပ်ဖြစ်တယ်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို မလျှော့နိုင်သေးသရွေ့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်ကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး။ ကာဗွန်ထုတ်လွှတ်မှု မလျှော့ချနိုင်ရင်လဲ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေကိုလဲ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး"ဟု ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အမြင့်ဆုံးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မိုးခေါင်မှုဒဏ်ခံနေရသော ဆိုမားလီးယားနိုင်ငံ အငတ်ဘေးနှင့် ရင်ဆိုင်ရနိုင်

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၁**

ဆိုမားလီးယားနိုင်ငံသည် အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရပြီး အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း အငတ်ဘေးနှင့် ရင်ဆိုင်ရနိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP ) က ခန့်မှန်းထားကြောင်း အာဖရိကနယူးစ်သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏အဆိုအရ လူပေါင်း ၁ ဒသမ ၂ သန်းကျော်တို့အတွက် စားနပ်ရိက္ခာအခက်အခဲများကြုံတွေ့နေရကြောင်း၊ မကြာမီ အစားအစာခေါင်းပါးမှုနှင့် ပတ်သက်သော သတိပေးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အစားအစာခေါင်းပါးမှု၊ ဖျားနာမှု၊ သန့်ရှင်းရေးညံ့ဖျင်းမှုတို့ကြောင့် ဆာလောင်မွတ်သိပ်သူတွေဟာ အားနည်းပြီး ရောဂါပိုခံစားနေရတာကြောင့် ပေါင်းစပ်တုံ့ပြန်မှုတစ်ရပ် ဆောင်ရွက်ပေးဖို့လိုပါတယ်။ အစားအသောက်နဲ့ အာဟာရသာမက အမိုးအကာ၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဘေးကင်းလုံခြုံတဲ့ ရေဝင်ရောက်မှု ဒီအရာတွေအားလုံးအတွက် ကမ္ဘာကြီးရဲ့ပံ့ပိုးကူညီမှုတွေရှိဖို့က လုံးဝအရေးကြီးပါတယ်"ဟု WFP ဆိုမားလီးယားမှ ဆက်သွယ်ရေးအကြီးအကဲ Petroc Wilton က ပြောကြားခဲ့ကြောင်း သိရသည်။

ရာသီဥတုဆိုင်ရာပြောင်းလဲမှုအပြင် ရုရှား-ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှု တစ်စိတ်တစ်ပိုင်းကိုပါ ခံစားနေကြရပြီး အစားအစာကြောင့် လူထောင်ပေါင်းများစွာ သေဆုံးလျက်ရှိရာ အများစုမှာ ကလေးများဖြစ်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း Baidoa မြို့သည် မိုးခေါင်ရေရှားမှုဒဏ်ကို အဆိုးရွားဆုံးခံရသော ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံအတွင်း အာဟာရချို့တဲ့မှုနှုန်းအမြင့်ဆုံးဒေသဖြစ်ကြောင်း WFP မှ သိရသည်။

ဆိုမားလီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အာဟာရချို့တဲ့မှုကြောင့် ကုသခံနေရသော အသက်ငါးနှစ်အောက်ကလေးဦးရေ ၉၀၀ ခန့်အပါအဝင် မိုးခေါင်မှုကြောင့် လူပေါင်းထောင်နှင့်ချီ သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအချက်အလက်များအရ သိရသည်။ AZH

# အမေရိကန်အနောက်မြောက်ဘက်ပိုင်းဒေသများတွင် မီးခိုးငွေ့ကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်း ဒေသများတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်သည်ဟု အမေရိကန်လေထုသန့်စင်မှုစောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

မီးခိုးငွေ့များကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာများမှာ အိုရီဂွန်ပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ်တို့ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်များမှ ဒေသတချို့တွင် မီးခိုးမှိုင်းများကြောင့် ကောင်းကင်မှာအညိုရောင်အဖြစ် ပြောင်းလဲနေပြီး ဒေသခံများမှာလည်း အသက်ရှူကျပ်သည့် ဝေဒနာများခံစားနေရကြောင်း သိရသည်။

"နံနက်တိုင်း ကျွန်တော် လမ်းထလျှောက်တယ်။ ဒီနံနက်ပိုင်း လမ်းထလျှောက်ဖို့အတွက် လမ်းထိပ်မှာ ကျွန်တော့်သူငယ်ချင်းကို စောင့်နေရင်း ခေါင်းမူးသလိုဖြစ်လာတယ်။ အသက်ရှူကျပ်သလိုလဲ ဖြစ်လာတဲ့အတွက် လမ်းမလျှောက်တော့ဘဲ အိမ်ကိုပြန်ခဲ့ရတယ်။ အိမ်ရောက်တာတောင် တော်တော်ကြာတဲ့ထိ ခေါင်းမူးတာမပျောက်ဘူး"ဟု ဝါရှင်တန်ပြည်နယ် ဆက်တယ်မြို့မှ ဒေသခံဂျိုးဒင်ကင်က US News သတင်းဌာနသို့ ပြောကြားခဲ့သည်။



အိုရီဂွန်ပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ်တို့တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် မြို့ ၁၀ မြို့ထိရှိနေပြီး ၎င်းမြို့ ၁၀ မြို့တွင် လေထုညစ်ညမ်းမှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

"ဝါရှင်တန်ပြည်နယ် နေရာအနှံ့အပြားမှာ လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတွေတစ်လျှောက်လုံးမှာလဲ မြူခိုးတွေ ဆိုင်းသလိုဖြစ်နေတယ်။ လေထုညစ်ညမ်းမှုပမာဏက စိုးရိမ်စရာအနေအထားကို ရောက်နေပါတယ်"ဟု ဝါရှင်တန်ပြည်နယ်ဂေဟာစနစ်ဆိုင်ရာဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူဇန်ဝုဒ်ဝက်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ရှိုစ်လင်းအပူပိုင်းမုန်တိုင်း မက္ကဆီကိုနိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိနေ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁**

ရှိုစ်လင်းဟု အမည်ပေးထားသည့်အပူပိုင်းမုန်တိုင်း မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း မက္ကဆီကို မိုးလေဝသဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု 9News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြသွားခဲ့သည်။

ရှိုစ်လင်း အပူပိုင်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ၏ ကမ်းခြေဒေသတစ်ခုဖြစ်သော ဇီဟွာတီနီဂျိုဒေသ အနောက်တောင်ဘက်ပိုင်း ၂၈၅ ကီလိုမီတာအကွာသို့ ရောက်ရှိနေပြီဖြစ်ပြီး မုန်တိုင်းပြင်းအားပြောင်းလဲမှုပေါ်မူတည်၍ မက္ကဆီကိုအလယ်ပိုင်းဒေသများသို့ ရောက်ရှိလာဖွယ်ရှိနေသည်။

"ရှိုစ်လင်း အပူပိုင်းမုန်တိုင်းဟာ နောက်အကျဆုံး အောက်တိုဘာ ၂၃ ရက်မှာ မက္ကဆီကိုနိုင်ငံရဲ့ ဧရိယာထဲကို ရောက်ရှိလာနိုင်ပါတယ်။ မုန်တိုင်းအားကောင်းတဲ့အတွက်ကြောင့် အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုတွေ၊ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဂွာရဲရိုပြည်နယ်နဲ့ မီချောင်ကန်ပြည်နယ်တို့မှာ မိုးရေချိန်မှာ တစ်လက်မကနေ သုံးလက်မထိ မြင့်တက်လာနိုင်ပြီးတော့ ကိုလီမာကမ်းခြေနဲ့ ဂျာလစ်ကိုကမ်းခြေတို့မှာ မိုးရေချိန် ခြောက်လက်မထိ မြင့်တက်လာနိုင်ပါတယ်"ဟု မက္ကဆီကို မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မက္ကဆီကိုမိုးလေဝသဦးစီးဌာန၏ခန့်မှန်းချက်အရ ရှိုစ်လင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ မြေပြိုကျမှုများပင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ရှိုစ်လင်းအပူပိုင်းမုန်တိုင်းသည် တစ်နာရီ ၇၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိပြီး လာမည့် ၂၄ နာရီအတွင်း ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းလာဖွယ်ရှိနေကြောင်း အမေရိကန်အခြေစိုက် ဟာရီကိန်းမုန်တိုင်းစင်တာက ထုတ်ပြန်သွားခဲ့သည်။

**ခိုင်းဆက်**

## လေပြင်းတိုက်ခတ်စဉ်မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက လိုက်နာရန်အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၄။ သစ်ပင်၊ ဓါတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့်လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

# ပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးမှုများဖြစ်စေသော နျူကလီးယားစမ်းသပ်မှုများ

မေဇင်ထွန်း



နျူကလီးယားဆိုင်ရာစမ်းသပ်မှုများ ပြုလုပ်ခြင်းသည် အဆုံးမရှိသော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေနိုင်ပြီး ၎င်းနျူကလီးယားစမ်းသပ်မှုများကြောင့် ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို နှစ်သန်းပေါင်းများစွာ ခံစားနေကြရသည်ဟု ကျွမ်းကျင်သူများက ဆိုထားသည်။

စက်တင်ဘာလနှောင်းပိုင်းမှစပြီး မြောက်ကိုရီးယားသည် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ၏ တိုးတက်မှုပိုင်းဆိုင်ရာ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများကို ပြုလုပ်ခဲ့သည်။ အချို့သော စောင့်ကြည့်အကဲခတ်သူများ ခန့်မှန်းထားသည့်အတိုင်း မြောက်ကိုရီးယား၏ ဒုံးကျည်များကို စမ်းသပ်ခြင်းသည် နိုင်ငံရေးတင်းမာမှုများကို တိုးမြင့်လာရုံသာမက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည်ဟုသုံးသပ်ခဲ့ကြသည်။ ယခင်က အမေရိကန်၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ဗြိတိန်ကဲ့သို့သော နိုင်ငံများသည် ပစိဖိတ်ကျွန်းစုများ၊ ဩစတြေးလျသဲကန္တာရ၊ အမေရိကန်နိုင်ငံ၏ အဓိကနေရာများ၊ ဆိုဗီယက်ပြည်ထောင်စု၏ ဝေးလံခေါင်သီသော ဒေသများ စသည့်၎င်းတို့ပိုင်သော လေထုနှင့်ပင်လယ်ပြင်များတွင် နျူကလီးယားလက်နက်များကို စမ်းသပ်ခဲ့ကြသည်။ ထိုစမ်းသပ်မှုများသည် ညစ်ညမ်းသော လေထု၊ မြေထုနှင့် ရေထုကိုဖြစ်စေပြီး လူပသောရှုခင်းများနေရာတွင် ခြောက်သွေ့ပျက်စီးနေသောပတ်ဝန်းကျင်ကို ချန်ထားခဲ့ကာ စမ်းသပ်မှုများမှဖြစ်ပေါ်လာသောရေဒီယိုသတ္တိကြွမှုများသည် လူသားတို့နေထိုင်ရာပတ်ဝန်းကျင်တွင် ပျံ့နှံ့စေခဲ့သည်။

ထို့ကြောင့် နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာသဘောတူစာချုပ်များချုပ်ဆိုခဲ့ကြပြီး ၎င်းသဘောတူစာချုပ်များကြောင့် နျူကလီးယားစမ်းသပ်မှုများကို ၁၉၆၃ ခုနှစ်နောက်ပိုင်းတွင် မြေအောက်သို့ ရွှေ့ပြောင်းစမ်းသပ်ခဲ့ကြသည်။ ထိုသို့စမ်းသပ်ခြင်းများသည် ပတ်ဝန်းကျင်ထိခိုက်မှုများကို အလုံးစုံမသက်သာစေနိုင်သော်လည်း ပတ်ဝန်းကျင်တွင် စမ်းသပ်မှုများကြောင့် ပျက်စီးမှုများကိုလျော့နည်းစေပြီး အနည်းငယ်ပိုကောင်းသည့် မြင်ကွင်းများကို ဖြစ်စေသည်။ ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် အိန္ဒိယ၊ ပါကစ္စတန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကသာလျှင် နျူကလီးယားလက်နက်များစမ်းသပ်မှုကို ပြုလုပ်ခဲ့ကြသည်။ ၂၁ ရာစုနောက်ပိုင်းတွင် နျူကလီးယားလက်နက်စမ်းသပ်မှုကို မြောက်ကိုရီးယားနိုင်ငံတစ်ခုတည်းကသာ ပြုလုပ်ခဲ့သည်။

**နို့တိုက်သတ္တဝါများအပေါ် နျူကလီးယားစမ်းသပ်မှု၏ သက်ရောက်မှု**

နျူကလီးယားလက်နက်စမ်းသပ်မှုများ၏အကျိုးဆက်အမွေအနှစ်များသည် လူသားတို့နှင့်သဘာဝပတ်ဝန်းကျင်အတွက် လုံးဝကို ဆိုးရွားလှပြီး နျူကလီးယားစမ်းသပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်အတွက်ဖြစ်လာသည့်အကျိုးဆက်များသည် ထာဝရတည်မြဲနေမည်ဖြစ်ကြောင်း နိုင်ငံတကာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကမ်ပိန်းမှ သုတေသနနှင့်ညှိနှိုင်းရေးမှူး Alicia Sanders က ပြောကြားခဲ့သည်။

နျူကလီးယားလက်နက် စမ်းသပ်နေရာများ သတ်မှတ်ရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ပေါက်ကွဲမှုပြီးနောက် မိုက်ခရိုစက္ကန့်များအတွင်း ပထမဆုံးသက်ရောက်မှုကို ခံစားရသောကြောင့်ဖြစ်သည်။ ၂၀၁၅ ခုနှစ် စစ်ရေးလုပ်ဆောင်မှုများ၏ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုဆိုင်ရာ စာတမ်းတစ်စောင်တွင် နျူကလီးယားပေါက်ကွဲမှုများသည် ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများစွာအတွက် ဆိုးရွားသောခြိမ်းခြောက်မှုကို ဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

နျူကလီးယားလက်နက်စမ်းသပ်သည့် ပေါက်ကွဲမှုမှ ထွက်ရှိလာသောအပူထုတ်လွှတ်မှုသည် ကြီးမားသော စွမ်းအင်၊ အလင်းနှင့် အပူများကိုထွက်ရှိလာစေသည်။ ၎င်းပေါက်ကွဲမှု ဗဟိုချက်နှင့် နီးသော သက်ရှိများသည် ချက်ချင်းသေဆုံးသည်ထိ ဖြစ်စေနိုင်သည်။ နျူကလီးယားလက်နက်စမ်းသပ်မှု၏ ပြင်းထန်မှုနှုန်းထားအပေါ် မူတည်၍ ကီလိုမီတာများစွာအကွာရှိ သက်ရှိများပင်လျှင် သေစေလောက်နိုင်သည်ကို တွေ့ရှိရသည်။ ထို့ပြင် ပြင်းထန်သောအပူရှိန်ကြောင့် မီးလောင်ကျွမ်းမှုကိုဖြစ်စေသည်။ တိရစ္ဆာန်များအပေါ် နျူကလီးယားလက်နက် စမ်းသပ်ခြင်းမှ ထွက်ပေါ်လာသောပြင်းထန်သည့် အပူ၏ အကျိုးသက်ရောက်မှုကို ကောင်းစွာသုတေသနမပြုသော်လည်း လူသားများသည် နျူကလီးယားလက်နက်၏ စွမ်းအားပေါ်မူတည်၍ ကီလိုမီတာများစွာအကွာတွင်ရှိသည့်တိုင် ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသော မီးလောင်ဒဏ်ရာများကို ကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် ကျွမ်းကျင်ပညာရှင်များက အခြားနို့တိုက်သတ္တဝါများတွင်လည်း အလားတူအကျိုးသက်ရောက်မှုရှိသည်ဟု ယူဆထားကြသည်။ ထို့ပြင် နျူကလီးယားလက်နက်စမ်းသပ်ရာမှ ဖြစ်ပေါ်လာသည့် ပေါက်ကွဲခြင်းကြောင့် နို့တိုက်သတ္တဝါများတွင် အဆုတ်ပျက်စီးခြင်းနှင့် ခန္ဓာကိုယ်တွင်သွေးယိုခြင်းတို့ကို ဖြစ်စေနိုင်သည့်အပြင် ပေါက်ကွဲမှု၏ ဖိအားဒဏ်ကိုလည်း ခံစားကြရနိုင်ကြောင်း လေ့လာမှုများအရ သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်တွင် ချက်ချင်းအသက်မဆုံးရှုံးသောတိရစ္ဆာန်များသည် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရက်သတ္တပတ်များအတွင်း မီးလောင်ဒဏ်ရာများကို ရောဂါပိုးဝင်ခြင်းကြောင့် သေဆုံးမှုအဖြစ်များကြောင်း ၂၀၁၅ ခုနှစ် သုံးသပ်ချက်တွင် တွေ့ရှိခဲ့ရသည်။

**အပင်များ၊ ငှက်များနှင့် ရေနေသတ္တဝါများအပေါ် နျူကလီးယားလက်နက်စမ်းသပ်ခြင်း၏ သက်ရောက်မှု**

အပင်များသည် နျူကလီးယားပေါက်ကွဲမှု၏ သက်ရောက်မှုကို အဆိုးရွားဆုံးခံစားကြရသည်။ ပြင်းထန်သောပေါက်ကွဲမှုမှထွက်ရှိသည့် စွမ်းအားသည် အပင်များမှသစ်ရွက်များကို လောင်ကျွမ်းသွားစေပြီး အကိုင်းအခက်များကို ပျက်စီးသွားစေသည့်အပြင် အသီးအရွက်များကိုလည်း ပျက်စီးဆုံးရှုံးသွားစေသည်။ ထို့ပြင် ငါးများတွင် နျူကလီးယားပေါက်ကွဲမှုသည် ပိုမိုကြီးမားသောသက်ရောက်မှုကို ဖြစ်စေသည်။ ၁၉၆၀ ပြည့်နှစ်နှောင်းပိုင်းနှင့် ၁၉၇၀ ပြည့်နှစ်အစောပိုင်းနှစ်များတွင် အလက်စကာ၌ ပြုလုပ်ခဲ့သည့် အမေရိကန်တို့၏နျူကလီးယားစမ်းသပ်မှုများနှင့် French Polynesia ၌ ပြုလုပ်ခဲ့သည့် ပြင်သစ်တို့၏ နျူကလီးယားစမ်းသပ်မှုများကြောင့် အဏ္ဏဝါနို့တိုက်သတ္တဝါများနှင့် ရေတွင်ကျက်စားသည့် ငှက်များကို သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင်လေ့လာမှုများအရ ရေနေနို့တိုက်သတ္တဝါများသည် ကုန်းနေနို့တိုက်သတ္တဝါများထက် နျူကလီးယားစမ်းသပ်မှုများကြောင့် သေဆုံးရမှုပိုနည်းကြောင်း တွေ့ရှိရပြီး ထိုသို့ဖြစ်ရခြင်းမှာ ရေနေနို့တိုက်သတ္တဝါတို့တွင် ကိုယ်တွင်းအင်္ဂါများမရှိသောကြောင့် ဖိအားလှိုင်းများကို ပိုမိုခံနိုင်ရည်ရှိပုံရသည်။

**နျူကလီးယားလက်နက် စမ်းသပ်ခြင်းကြောင့် ရေရှည်တွင် ပတ်ဝန်းကျင်ထိခိုက်လာနိုင်မှု**

စစ်အေးကာလတွင် အမေရိကန်သည် လေထုမှ နျူကလီးယားလက်နက်အများအပြားကို ပစိဖိတ်ဒေသနေရာအတော်များများ၌ ကြဲခဲ့သည်။ ၎င်းနျူကလီးယားလက်နက်စမ်းသပ်မှုများသည် လူသူမနေထိုင်သေးသော ကျွန်းများအားလုံးကို ဖျက်ဆီးခဲ့သည်။ ထို့ပြင် လူနေထိုင်ရာ နေရာများတွင်လည်း နျူကလီးယားသင့်သောကြောင့် ဒေသခံများ နေရပ်ကို စွန့်ခွာခဲ့ရသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် လေ့လာမှုတစ်ခုအရ နျူကလီးယား ဒဏ်ခံနယ်မြေများဖြစ်သည့် Cherno-byl နှင့် Fukushima တို့တွင် တွေ့ရှိရသော ဓာတ်ရောင်ခြည် ပမာဏသည် အဆ ၁၀၀၀ ခန့်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

နျူကလီးယားစမ်းသပ်ခြင်းကြောင့် ရေရှည်တွင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုများမှာ မျက်နှာပြင်မြေဆီလွှာနှင့် မြေအောက်ရေကို ညစ်ညမ်းစေခြင်း၊ ချိုင့်ဝှမ်းများဖြစ်ပေါ်စေခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းပြိုကျနေသော တောင်များဖြစ်ပေါ်လာခြင်း၊ ရေဒီယိုသတ္တိကြွမှုများ ပင်လယ်ကြမ်းပြင်များတွင် ဖြစ်ပေါ်စေခြင်းများဖြစ်သည်။ လေထုထဲတွင် နျူကလီးယားစမ်းသပ်မှုများသည် ရေဒီယိုနျူကလိဒ်များကိုပြိုကွဲသွားစေပြီး မတည်မငြိမ်သောအမှုန်အမွှားများ ဖြစ်သွားစေကာ အပေါ်ယံမြေဆီလွှာကို ညစ်ညမ်းစေသည်။

> ❖ နျူကလီးယားစမ်းသပ်ခြင်းကြောင့် ရေရှည်တွင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နိုင်မှုများမှာ မျက်နှာပြင် မြေဆီလွှာနှင့် မြေအောက်ရေကို ညစ်ညမ်းစေခြင်း၊ ချိုင့်ဝှမ်းများဖြစ်ပေါ်စေခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းပြိုကျနေသော တောင်များဖြစ်ပေါ်လာခြင်း၊ ရေဒီယိုသတ္တိကြွမှုများ ပင်လယ်ကြမ်းပြင်များတွင် ဖြစ်ပေါ်စေခြင်းများဖြစ်သည်။ လေထုထဲတွင် နျူကလီးယားစမ်းသပ်မှုများသည် ရေဒီယိုနျူကလိဒ်များကို ပြိုကွဲသွားစေပြီး မတည်မငြိမ်သောအမှုန်အမွှားများဖြစ်သွားစေကာ အပေါ်ယံမြေဆီလွှာကို ညစ်ညမ်းစေသည်။ ❖

**သောက်သုံးရေအပေါ်ထိခိုက်မှု**

မြေအောက်စမ်းသပ်မှုများသည် သောက်သုံးရေထဲသို့ ရေဒီယိုနျူကလိဒ်များ စိမ့်ဝင်စေနိုင်သည်။ လေ့လာမှုများအရ လာ့စ်ဗီးဂတ်စ်အနီးရှိ အမေရိကန်နျူကလီးယားစမ်းသပ်သည့်နေရာ မြေအောက်နျူကလီးယားစမ်းသပ်မှုမှ ထုတ်လွှတ်သော ညစ်ညမ်းမှုတချို့သည် ပတ်ဝန်းကျင်ရှိ သောက်သုံးရေများထဲသို့ ဝင်ရောက်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် အပင်များနှင့် တိရစ္ဆာန်များသည် ရေဒီယိုသတ္တိကြွမှုရှိသော စထရွန်တီယမ်နှင့် ကေစီယမ်တို့ကို စုပ်ယူပြီးပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည့်အပြင် ၎င်းတို့သည် ရေထဲတွင် အလွယ်တကူပျံ့နှံ့သွားနိုင်သည်။ နှစ်ပေါင်းများစွာ စမ်းသပ်မှုများ၏ရလဒ်အဖြစ် ရေဒီယိုသတ္တိကြွခြင်းများသည် အစာကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေခဲ့သည့်အတွက် ကျန်းမာရေးပြဿနာများကို ဆယ်စုနှစ်များစွာဖြစ်စေနိုင်သည်။

နျူကလီးယားစမ်းသပ်မှုသည် အပင်များ၏ အရွက်များကိုကြွေကျခြင်း၊ ဆွေးမြည့်ခြင်းနှင့် မြေဆီလွှာ ညစ်ညမ်းခြင်းများကို ဖြစ်စေသည့်အပြင် တိရစ္ဆာန်များသည်လည်း ညစ်ညမ်းသောမြေဆီလွှာမှ ဖြစ်ပေါ်လာသော အစားအစာများကို စားသုံးရမည်ဖြစ်သောကြောင့် တိရစ္ဆာန်များအတွက် အလွန်အန္တရာယ်များသည့်အပြင် ထိုသို့ စားသုံးမိသော တိရစ္ဆာန်များကို အစာကွင်းဆက်မရသောလူများက စားသုံးနိုင်ပြီး လူသားတို့၏ အဓိက အစားအစာဖြစ်လာနိုင်ကြောင်း နိုင်ဂျီးရီးယားကတ္တသိုလ် (ICAN)၏ လေ့လာမှုအရသိရသည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ် နျူကလီးယားလက်နက်တားမြစ်ရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် နျူကလီးယားလက်နက်ဒဏ်သင့်ကာ ဒုက္ခရောက်နေသူများကို အကူအညီပေးရန်နှင့် ညစ်ညမ်းနေသောပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင်ရန် စသည့် လိုအပ်သောအချက်များကို ထည့်သွင်းချုပ်ဆိုခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဆိုင်ရာ လေ့လာမှုများပြုလုပ်ခဲ့ကြကာ အနာဂတ်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

**How nuclear testing leaves lasting environmental scarsby www.dw.com ကို ဘာသာပြန်ဆိုပါသည်။**

0w Kfv M @

# အနွမ်းပန်းပွင့် ပြန်လန်းစွင့်ချိန်

အောင်မာန်ဝင့်အောင်(တောင်ကြီး)







(၁)

"ဒီမှာ အသွေးအသားနဲ့ ဈေး ကစားပြီး ဘဝဝမ်းစာ ရှာနေရတဲ့ ကျွန်မအတွက် ဂုဏ်သိက္ခာဆိုတာ မြောင်းထဲမှာပဲရှိတယ်။ အရှက်တရားဆိုတာလဲ ဘာကိုပြောမှန်း ကျွန်မ မသိဘူး။ ကျွန်မစိတ်ထဲမှာ တစ်ခုပဲရှိတယ်။ ကျွန်မခန္ဓာကိုယ်နဲ့ ရင်းပြီးရှာထားတဲ့ ဒီငွေတွေက ကျွန်မမောင်နှမတွေရဲ့ဘဝ အသက်ဆက်ဖို့အတွက် ရင်းနှီးလိုက်တာပဲ သဘောထားတာမို့ ကျွန်မ မေနှင်းဆီ ကျေကျေနပ်နပ်ကြီးလက်ခံနိုင်တယ်"

"မင်းဘဝကြီးတစ်ခုလုံး ဒီလိုဘဝကြီးမှာ မရှင်သန်စေချင်ဘူး မေနှင်းဆီ"

"ဟား ဟား ဟား"

"ဘာမဟုတ်တဲ့ အပျက်မတစ်ယောက်အတွက်နဲ့ ရှင်အချိန်ကုန်ခံမနေနဲ့ ကိုဇွဲနောင်။ ရှင့်အလှည့်ပြီးရင် နောက်လူတွေ တန်းစီနေတာမို့ အချိန်ရှိတုန်း ရှင်အလုပ်စကားပဲပြောပါ"

"ဒီမှာ မေနှင်းဆီ ပြောင်းလဲခြင်းဆိုတာ လူတိုင်းမှာရှိတယ်ကွ။ ဒီလိုဘဝကြီးမှာ နစ်မွန်းပြီး မင်းဘဝရှင်သန်မှုဟာ အဓိပ္ပာယ်မဲ့နေမှာမို့ ငါ့ရင်ထဲကဆန္ဒအတိုင်းဖွင့်ပြောနေတာ မေနှင်းဆီ။ မင်း ငါ့စကားကို အလေးအနက်ထားပေးပါ"

"အဓိပ္ပာယ်ရှိတဲ့ဘဝ သိပ်ရှိတာပေါ့ ကိုဇွဲနောင်။ အသွေးအသားရောင်းစားပြီး လူတကာရဲ့ရင်ခွင်၊ အိုအိုမှိုမှိုယောက်ျားတကာရဲ့ရင်ခွင်ထဲမှာ အသုံးတော်ခံပြီး ရလာတဲ့ငွေကြေးတွေနဲ့ မိသားစုကို ပံ့ပိုးနေရသူပါ။ အများအမြင်မှာ ကျွန်မဟာ ရွံရှာစရာကောင်းနေပေမဲ့ ကျွန်မအတွက်ကတော့ မိသားစုအဆင်ပြေတယ်ကြားရတိုင်း အနစ်နာခံရကျိုးနပ်တယ်လို့ထင်မိတယ်"

"ကောင်းပြီလေ ကိုပြောတဲ့စကားကို အချိန်ယူပြီး ပြန်စဉ်းစားပေးပါ မေနှင်းဆီ။ အချိန်မပြည့်ခင် ကိုသွားတော့မယ်။ ဒီမှာ မင်းအတွက်အခကြေးငွေ"

ပိုက်ဆံတစ်ထပ်ကြီး စားပွဲပေါ်တင်ပြီးထွက်သွားသော ကိုဇွဲနောင်ကိုကြည့်၍ မေနှင်းဆီ ခေါင်းယမ်းကာ ဟားတိုက်ရယ်မောလိုက်သည်။

(၂)

ဘဝမလှ၊ အကြောင်းမလှခဲ့သည့် မေနှင်းဆီသည် မောင်နှမငါးယောက်မှာ အကြီးဆုံးသမီးဖြစ်ခဲ့သည်။ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည့် အဖေနှင့် အမေမရှိသည့်နောက်ပိုင်း ဇာတိမြို့လေးကို စွန့်ခွာပြီး ရန်ကုန်မြို့ကြီးကို အမေ့ညီမ ဒေါ်လေးခေါ်၍ မေနှင်းဆီရောက်လာခဲ့သည်။ မောင်နှမများအားလုံး အဒေါ်အိမ်ကိုရောက်လာခဲ့သည်။ မေနှင်းဆီအသက် ဆယ့်ရှစ်နှစ်။ ကျန်မောင်နှမလေးယောက်က အလယ်တန်းအရွယ်လေးများဖြစ်သည်။ ဒေါ်လေးက ကောင်းရှာပါသည်။ မောင်လေး၊ ညီမလေးများကို ကျောင်းထားပေးပြီး မေနှင်းဆီကိုတော့ အိမ်ဆိုင်လေးမှာ ကူရောင်းစေသည်။ ဒေါ်လေးယောက်ျားက ပွဲစား။ အဒေါ်ကလည်း အနီးအနား အိမ်ပွဲစားလုပ်၍ အိမ်ဆိုင်လေးကို မေနှင်းဆီပဲ ဦးစီးလုပ်ကိုင်ပေးခဲ့သည်။ မောင်လေး၊ ညီမလေးများ ကျောင်းနေရ၍ ဒေါ်လေးကိုကျေးဇူးတင်မိသည်။ မေနှင်းဆီလည်း အိမ်ဝေယျာဝစ္စ၊ ဆိုင်ကိစ္စအားလုံး အပင်ပန်းခံတာဝန်ယူခဲ့သည်။ ဦးလေးနှင့် ဒေါ်လေးကိုလည်း မိဘသဖွယ်လေးစားဆက်ဆံကာ တန်ဖိုးထားနေလာခဲ့ကြသည်။

ကံကြမ္မာဆိုးသည် အလျင်အမြန်ရောက်လာခဲ့သည်ဟု မေနှင်းဆီထင်မိသည်။ မောင်လေး၊ ညီမလေးများ ကျောင်းသွားချိန်၊ ဒေါ်လေးမရှိခိုက် ကျားချောင်းချောင်းနေသော ဒေါ်လေးယောက်ျားက မေနှင်းဆီ၏ အပျိုစင်ဘဝကို ကာမအမှောင်ဖုံးလွှမ်းကာ သိမ်းပိုက်ခြင်းခံလိုက်ရသည်။ ရှက်လွန်း၍ ကိုယ်တိုင်အဆုံးစီရင်ဖို့ စဉ်းစားလိုက်တိုင်း ကျန်ခဲ့မည့် မောင်လေး၊ ညီမလေးများကို သနားစိတ်ဝင်ကာ ရှေ့ရပ်တည်ဖို့ အချိန်ကြာစဉ်းစားခဲ့ရသည်။ တစ်ကြိမ်ကျူးလွန်ပြီးလျှင် နောက်တစ်ကြိမ်ကျူးလွန်ဖို့ဝန်မလေးသည့် လူယုတ်မာမို့ ဒေါ်လေးပြန်လာတော့ အကြောင်းစုံဖွင့်ပြောရတော့သည်။ မီးဝင်းဝင်းတောက်အံကြိတ်နေသည့် ဒေါ်လေးကိုကြည့်၍ မေနှင်းဆီ ကြောက်ရွံ့လာသည်။

"ခွေးတိရစ္ဆာန် ငါ့တူမလေးကို ပန်းကောင်းအညွန့်ချိုးရက်တယ်။ လူမဟုတ်ဘူး။ သင်းကို တစ်သက်လုံး ခွင့်မလွှတ်ဘူး"

ညနေ သူယောက်ျားပြန်လာတော့ ဘာမှမပြောဘဲနေသည်။ ထမင်းခူးကျွေးကာ ထမင်းစားနေတုန်း မီးဖိုချောင်မှ အသားလှီးဓားက လူယုတ်မာ၏ကျောကို အချက်ပေါင်းများစွာ ထိုးစိုက်ခဲ့သည်။ ဒေါ်လေးလက်ချက်ဖြင့် ပွဲချင်းပြီးသေပွဲဝင်ခဲ့သည်။ ဒေါ်လေးလည်း လူသတ်မှုဖြင့်ထောင်ကျတော့ မေနှင်းဆီတို့မောင်နှမများ ပိုဒုက္ခရောက်ခဲ့ရသည်။ ဒီပတ်ဝန်းကျင်မှာလည်း မနေချင်၍ အခြားမြို့နယ်တစ်ခုမှာနေရင်း မောင်နှမများ ဆင်းရဲပင်ပန်းစွာနေခဲ့ရသည်။

(၃)

စားဝတ်နေရေးအတွက် ကြုံရာအလုပ်များလုပ်နေပေမဲ့ အဆင်မပြေမှုက ပို၍ဆိုးလာခဲ့သည်။ နာကြည်းစရာဘဝမို့ မိမိဘဝကိုလည်း စိတ်နာမိသည်။ ဝေဒနာကိုကျိတ်ခံစားရင်း ထွက်ပေါက်မရှိသည့်ဘဝမှာ စဉ်းစားစရာအတွေးများ များလာခဲ့သည်။ အတန်းကြီးလာပြီဖြစ်သည့် မောင်လေး၊ ညီမလေးများကို ပညာရေးမှာ အဆုံးထိရောက်စေချင်သည်။ သူလိုခက်ခဲသည့်ဘဝကို ရင်မဆိုင်စေလိုပေ။

"မကြီး စာအုပ်ဖိုး"

"မကြီး ဆန်ကုန်နေပြီ"

"မကြီး ကျူရှင်လခ"

"မကြီး အိမ်လခ"

"မကြီး မကြီး မကြီး"

အကြောင်းအမျိုးမျိုးသော လိုအပ်မှုများက သူ့အပေါ်မှာပဲ မှုတည်နေတော့သည်။ အလတ်မနှင့် အငယ်ကောင် ကျောင်းထွက်အလုပ်လုပ်မယ်ပြောပေမဲ့ သူလက်မခံခဲ့ပေ။

"မထွက်ပါနဲ့ ညီမလေးနဲ့မောင်လေးရယ်။ ပညာမတတ်ရင် မျက်နှာငယ်ရတယ်။ ပင်ပန်းမှုလဲခံရမှာမို့ ကျောင်းပညာရေးကို လက်မလွှတ်လိုက်ပါနဲ့နော်။ မကြီးပင်ပန်းခံမယ်။ မကြီးပင်ပန်းမှုကိုဖြေဖျောက်ဖို့ မောင်လေး၊ ညီမလေးတွေက စာကြိုးစားပေးပါနော်"

အားလုံးကိုတောင်းပန်ကာ ကျောင်းတက်ခိုင်းခဲ့သည်။ စာကြိုးစားကြ၍ သူ အမောများပြေခဲ့သည်။ အရောင်းအဝယ်လိုက်လုပ်သည်။ ရှုံး၍ အကြွေးတင်သည်။ ပွဲစားလိုက်လုပ်သည်။ သူများတွေလို မကျွမ်းကျင်၍ အလုပ်မဖြစ်သည်ကများခဲ့သည်။ အကြွေးများက နစ်သည်ထက်နစ်လာ၍ စဉ်းစားစရာထွက်ပေါက်မရှိတော့ပေ။ လမ်းထိပ်က ဆံပင်ညှပ်ဆိုင်က မထိပ်ထားနှင့် ရင်းနှီးခဲ့သည်။ ကိုယ့်ပုံစံကို ဒီဇိုင်းပြောင်းကာ အပျိုမဖြစ်တော့သည့် ခန္ဓာကိုယ်ကိုရင်း၍ ငွေရှာဖို့ အမှောင်လမ်းကို လိုက်ခဲ့တော့သည်။ လှသွေးကြွယ်နေသည့် မေနှင်းဆီ။ လူချမ်းသာများ၏ ပါးစပ်ဖျားအသုံးတော်ခံဖို့ မေနှင်းဆီသတင်းက အတော်နာမည်ကြီးသွားသည်။ ငွေကို ရေလိုသုံးနိုင်သည့်လူများသာ မေနှင်းဆီအတွက် ငွေတံခါးပေါက်ကြီးဖြစ်ခဲ့သည်။ လမ်းထိပ်အလှပြင်ဆိုင်မှာပဲ ဆံပင်ညှပ်သည့်အလုပ် လုပ်သည်ဟုပြောထား၍ မောင်နှမများ မေနှင်းဆီအလုပ်ကို ဘယ်သူမှမသိကြချေ။ မေနှင်းဆီ အနေဖြင့်လည်း မထိပ်ထား၏အဆက်အသွယ်ဖြင့် လူချမ်းသာများနှင့်သာ အလုပ်လုပ်သူမို့ နာမည်သိပ်မထွက်ခဲ့ချေ။ ကိုယ်ပိုင်တိုက်ခန်းတစ်ခုပင်ဝယ်နိုင်ခဲ့သည်။ ချေရသည်။ မြှုရသည်။ ငိုပြရသည်။ ပေးဆပ်ရသည်။ အဆင်ပြေမှုများ၏နောက်မှာ နာကျင်ငိုကြွေးခဲ့ရသည့်နေ့များက အများကြီးမို့ ကျစရာမျက်ရည်ခန်းနေပြီဖြစ်သည်။ မောင်လေး၊ ညီမလေးများ အေးအေးဆေးဆေး ကျောင်းတက်ပညာသင်နေကြသည်ကိုမြင်ရတော့ မေနှင်းဆီ ပေးဆပ်ရကျိုး၊ အနစ်နာခံရကျိုးနပ်ရသည်။

(၄)

"မကြီး ဆံပင်ညှပ်ဆိုင်က အလုပ်ဖြစ်တယ်နော်"

"တော်တော်အဆင်ပြေတာပဲ"

ကိုယ်တိုင်လည်း ဝါသနာပါသူမို့ မထိပ်ထားနားက အားသည့်အချိန်တိုင်း အလှပြင်၊ ဆံပင်ညှပ်၊ ပေါင်းတင်၊ ခေါင်းလျှော် အကုန်ရနေပြီမို့ ဆိုင်ခွဲဖွင့်လို့တောင်ရပြီဟု မထိပ်ထားပြောဖူးသည်။ ငွေကိုလွယ်လွယ်ရနေပေမဲ့လည်း ဒီအလုပ်ကြီးကို မေနှင်းဆီ ရွံရှာမိသည်မှာအမှန်ပင်။ အတိတ်ကံအကျိုးပေးလို့ဖြေသာနေရပေမဲ့ ဘယ်လောက်ထိ ဖုံးဖိနိုင်မလဲဆိုတာ တွေးပူနေရသည်။ ယခုလည်း သူ့ဘဝကို ကယ်တင်ချင်သည်။ လက်ထပ်ပြီး ဘဝတစ်ခုထူထောင်ချင်ပါသည်ဟုပြောလာသော ကိုဇွဲနောင်စကားကြောင့် မေနှင်းဆီ အော်ဟစ်ရယ်မောကာ ကျန်ခဲ့သည်။ မထိပ်ထား ဆက်သွယ်ပေးလို့ ကိုဇွဲနောင်နှင့် ခင်မင်ခဲ့သည်။ မေနှင်းဆီ ကြေးစားအနွမ်းပန်းလေးမှန်းသိသွားတော့ တမင်တကာချိတ်ဆက်ကာ ခေါ်ပြောခြင်းပင်ဖြစ်သည်။

"ဒီမှာ မေနှင်းဆီ မင်းဘဝအစအဆုံး မထိပ်ထားဆီက သိပြီးပြီ။ ကိုနားလည်ခွင့်လွှတ်နိုင်တယ်။ မင်းဘဝတစ်ခုလုံးကို တာဝန်ယူချင်တယ်။ ဒီဘဝကြီးမှာ မင်းဘဝမနစ်မွန်းစေချင်ဘူးကွာ။ ကိုပြောနေတာ ရင်ထဲကအစစ်အမှန်စကားမို့ စကားထက်လက်တွေ့ပြဖို့ ကို မေနှင်းဆီကို အတည်လက်ထပ်ပါရစေကွာ"

ကြားလိုက်ရသည့်ခဏ မေနှင်းဆီ ခေတ္တမျှကြောင်သွားမိသည်။ ပြီးနောက် သဘောကျစွာ အော်ရယ်လိုက်တော့သည်။

"မဖြစ်နိုင်တာ ကိုဇွဲနောင်ရယ်။ ရှင့်ပညာ၊ ရှင့်ဂုဏ်သိက္ခာနဲ့ ကျွန်မထက် အဆများစွာသာတဲ့မိန်းမကို ယူလို့ရပါတယ်။ ရှင်စိတ်ကူးယဉ်မဆန်နဲ့။ လက်တွေ့မှာ ကျွန်မဟာ ရှင်းရှင်းပြောရရင် အများအသုံးတော်ခံတဲ့ အပျက်မပဲ။ ခန္ဓာနဲ့ရင်းပြီး ရှာစားနေတဲ့ မိန်းမတစ်ယောက်ကို ခဏပဲသာယာပါရှင်။ ထာဝရအတွက်တော့ မဖြစ်နိုင်ပါဘူး"

"ကိုပြောတဲ့စကားကို သေချာစဉ်းစားပါ။ မင်းဘဝအတွက် ဒါပဲပြောချင်တယ် မေနှင်းဆီ"

စဉ်းစားရင်း မျက်ရည်များနှင့်ကျန်ခဲ့သူက မေနှင်းဆီပင်ဖြစ်သည်။ တစ်ခါမှ မခံစားဖူးသည့်နှလုံးသားက တဆတ်ဆတ်တုန်လာသည်။ နှစ်နှစ်ကာကာ သေချာပြောသွားမှန်းသိပေမဲ့ မထိုက်တန်မှန်း စဉ်းစားမိသည်။ ခဏလေးအတွင်း ပျော်ဝင်သွားသည့် နှလုံးသားကို အမြန်ထိန်းချုပ်လိုက်သည်။ စားပွဲပေါ်တင်ထားသော ပိုက်ဆံများကိုယူ၍ မေနှင်းဆီ ထွက်လာခဲ့သည်။

"ကိုဇွဲနောင်ရယ် မေနှင်းဆီ စဉ်းစားစရာမလိုပါဘူးရှင်။ အဖြေက အစကတည်းက ထွက်ပြီးသားပါ။ အများအသုံးတော်ခံပန်းတစ်ပွင့်က ရှင်တန်ဖိုးထားမြတ်နိုးဖို့ မထိုက်တန်ပါဘူးရှင်။ ဘဝတစ်ခုကို ထူထောင်တယ်ဆိုတာ လွယ်ကူတဲ့အရာမဟုတ်ဘူး။ ကလေးကစားသလို လွယ်လွယ်ကူကူဖြေရှင်းလို့မရဘူး။ ကျွန်မရဲ့အတိတ်၊ အမည်းစက်ကြီးကို ဘယ်လောက်ထိ ဖုံးဖိပေးနိုင်မှာလဲ။ ဘယ်လောက်ထိ ခွင့်လွှတ်အနစ်နာခံနိုင်မှာလဲ။ ဘဝတစ်ခုလုံးလက်တွဲသွားဖို့ဆိုတာ ကိုဇွဲနောင်ကော၊ အခြား ဘယ်သူနဲ့မှပါ မဖြစ်နိုင်လို့ မေနှင်းဆီဆိုတဲ့ အနွမ်းပန်းရဲ့နိဂုံးဟာ လက်တွဲဖော်ဆိုတာပေါ်လာဖို့ မဖြစ်နိုင်ပါဘူးရှင်"

စာမျက်နှာ ၂၇ သို့ ➤

# ရန်ကုန်တိုင်းဒေသကြီး ရွှေလင်ပန်းစက်မှုဇုန်တွင် သိုလှောင်ထားသည့်ရော်ဘာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်



**နေပြည်တော် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလင်ပန်းစက်မှုဇုန်တွင် နှစ်ရှည်သီးနှံဌာနခွဲအတွက် သိုလှောင်ထားရှိသည့်ရော်ဘာများကို ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

အဆိုပါ ရောင်းချပေးသွားမည့် ရော်ဘာအမျိုးအစားမှာ BPM24၊ PB260 နှင့် PB235 မျိုးတို့ဖြစ်ပြီး တန်ချိန်အားဖြင့် ၂၈၁ ဒသမ ၂၀ တန်ရှိကြောင်း၊ သိုလှောင်ထားရှိသည့်ရော်ဘာများကို ဝယ်ယူလိုသူများအတွက် တင်ဒါအဆိုပြုလွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ ရုံးအမှတ် (၄၃) နေပြည်တော်တွင် ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ယခုနှစ် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲက ယခုနှစ် စိုက်ပျိုးရာသီတွင် ရော်ဘာစိုက်တောင်သူများ စိုက်ပျိုးဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများမှ အထွက်ကောင်း ရော်ဘာဖူးဆက်ပျိုးပင်များကိုလည်း သက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ရောင်းချပေးမည့် PB260 နှင့် PB235 မျိုးများမှာ အစေးစတင်လှီးချိန်တွင် တစ်ဧကလျှင် ရော်ဘာအထွက်ပေါင် ၈၀၀ မှ ပေါင် ၁၀၀၀ ခန့်နှင့် BPM24 မျိုးများမှာ တစ်ဧကလျှင် ရော်ဘာအထွက်ပေါင် ၁၅၀၀ ထိထွက်ရှိနိုင်ကြောင်း သိရသည်။

SKL

# မိုးကောင်းမြို့နယ်တွင် ကျေးရွာလေးရွာကို စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မိုးကောင်း အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာလေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက စီမံကိန်းများနှင့်ပတ်သက်၍ လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေများကို ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

မိုးကောင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် တောင်နီ၊ ကုန်းတန်းကြီးနှင့် ပင်လုံကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထပ်တိုးဆောင်ရွက်မည့် အုတ်ကျင်းကျေးရွာအတွက် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။

**ချမ်းဦးကို**



➤ **စာမျက်နှာ ၂၆မှအဆက်**

စိတ်ထဲကပြောနေရင်း ပြုံးနေပေမဲ့ မနှင်းဆီ၏မျက်ဝန်းထဲက မျက်ရည်များက အတိုင်းအဆမရှိ ကျဆင်းနေပါသည်။

"ကိုဖွဲ့နောင်နဲ့လိုက်ဖက်မဲ့ အမျိုးသမီးတစ်ယောက်နဲ့ လက်တွဲလိုက်တာ ဘဝအတွက်အကောင်းဆုံးပါရှင်။ အဖိုးမတန်တဲ့ပန်းအတွက် ကိုဖွဲ့နောင်ဘဝကိုလဲ အနစ်မွန်းမခံစေချင်ဘူး။ တစ်ချိန်ချိန်အက်ကွဲလာမဲ့ဘဝတစ်ခုကို မနှင်းဆီ အိပ်မက်တောင်မမက်ချင်ပါဘူးရှင်။ မျဉ်းပြိုင်နှစ်ခုလိုဖြစ်နေတဲ့ ကျွန်မတို့နှစ်ယောက် ကမ္ဘာဆုံးထိလျှောက်သွားအုံး ဘယ်တော့မှမဆုံနိုင်မှာမို့ မနှင်းဆီရဲ့နှလုံးသားတွေကို အချိန်မီထိန်းချုပ်လိုက်တာပါ"

မျက်ရည်များနှင့် ရင်ထဲမှာ စကားတွေအများကြီးပြောနေမိသည်။

"အခွမ်းပန်းရဲ့နိဂုံးဟာ ခိုနားဖို့အရိပ်က အင်မတန်ရှားတယ် ကိုဖွဲ့နောင်ရယ်။ အသိုင်းအဝိုင်း၊ ဂုဏ်သိက္ခာတွေပါလာရင် ပြိုလဲပျက်စီးခံရမဲ့ အတူတူ အထီးကျန်ဖြတ်သန်းရင်း ကိုယ့်ဘဝကိုရပ်တည်ပြီး အကောင်းဆုံးကြိုးစားတာက နိဂုံးလှလာမှာပါ"

မသန့်ရှင်းတော့သည့် ခန္ဓာကိုယ်ကြီးကို ကိုဖွဲ့နောင်၏ဘဝထဲ ထိုးမပေးရက်ပေ။ ဖွဲ့ကြိုးလှသည့်ကိုဖွဲ့နောင်ကို မနှင်းဆီ မတွေ့အောင်ရှောင်နေလိုက်တော့သည်။

(၅)

မနှင်းဆီ၏ ရှောင်ခွာမှု၊ ငြင်းဆန်မှုတို့ကြောင့် နောက်ပိုင်း ကိုဖွဲ့နောင်လည်း ဂုဏ်ရည်တူအမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျသွားသည်။ ဘဝတစ်ခုကို ထူထောင်သွားတော့သည်။ မနှင်းဆီကိုယ်တိုင်လည်း ဖြည်းဖြည်းချင်းအမှောင်လောက၊ ကြေးစားဘဝမှ ရုန်းထွက်နိုင်ခဲ့သည်။ ယခုတော့ အလှပြင်ဆိုင်ကို ကိုယ်တိုင်ဖွင့်နိုင်ခဲ့သည်။ မောင်နှမများလည်း ဘွဲ့ရပညာတတ်များဖြစ်သွားကြပြီ။ အားလုံး တစ်အိုးတစ်အိမ်ထူထောင်သွားကြပြီဖြစ်သည်။ သူ့အိုးသူ့အိမ်ထောင်နှင့် အားလုံးအဆင်ပြေနေပြီမို့ မနှင်းဆီ ကျေနပ်အားရမိသည်။ မောင်နှမများအားလုံးအတွက် ကျေနပ်နေမိသည်။ စီးပွားရေးအဆင်ပြေလာ၍ သူကိုယ်တိုင်လည်း အလှပြင်သင်တန်းကိုယ်တိုင်ဦးစီးဖွင့်ကာ ပညာဒါနအလှူအဖြစ် ငွေကြေးမတတ်နိုင်သူများကို သင်ပေးခဲ့သည်။ သူတို့ဘဝလေးများ မနစ်မွန်းဘဲ ရှင်သန်ရပ်တည်ခွင့်ရအောင် ကူညီပေးရ၍ ကြည်နူးပီတိဖြစ်နေတော့သည်။ ဒေါ်လေးလည်း ထောင်ကလွတ်လာ၍ မနှင်းဆီပဲ မိဘသဖွယ် အိမ်မှာပဲပြုစုလုပ်ကျွေးတော့သည်။

"ရင်ခွင်ရိပ်"အလှပြင်သင်တန်း၏ ပိုင်ရှင် ဒေါ်မနှင်းဆီ၏ နိဂုံးကတော့ ရွေးချယ်မှုမှန်ကန်ခဲ့လို့ တပည့်များ၏ ပြုစုမှု၊ ခြံရံမှုနှင့်အတူ ထာဝရပျော်ရွှင်သွားရပေတော့သည်။

## ဆောင်းအပျိုစင်

\- နှင်းပဝါ
မငြင်းသာ အသာခြုံရင်း
ရင်ခုန်စ ဆောင်းအပျိုစင်။

\- ညင်းလေသုန်သုန်
နှင်းငွေမှုန် ခြုံလွှာအထွေးမှာ
နုဖွေးစွာပင်။

\- လန်းမွေ့စွ
ချမ်းမြေ့ရ ဆင်းသွင်ပြင်
ဖြူစင်စွာ မူဟန်နွဲ့။

\- သဇင်တွေ ဝေအောင်ပန်လို့
ခွာညိုတွေ ဝေအောင်ပန်လို့
ကိုယ်ပိုင်ဟန် တစ်မျိုးအလှနဲ့
ချမ်းမြစေ ဘဝင်လန်းအောင်
သူမတူ ညို့ငင်စွမ်း
ဖမ်းစားနိုင်ရဲ့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# သရက်မြို့နယ်၌ ရေဘွက်ကျေးရွာကို စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**သရက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေဘွက်ကျေးရွာအတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ)ကို နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးရန် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေဘွက်ကျေးရွာအတွက် ငွေကျပ်သိန်း ၁၀၀ ကို သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြူလေး**

စာအုပ်စာပေ လူ့မိတ်ဆွေ

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံတည်ငြိမ်နေတဲ့ ပရီးမီးယားလိဂ်က စပါး၊ စီးရီးအေက အတ္တလန္တာ၊ လာလီဂါက ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ လက်ရှိ အသင်းအများစုဟာ အိမ်ကွင်းပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ ကြိုးစားလေ့ရှိပြီး အဝေးကွင်းတွေမှာဆို အနိုင်ထက် မရှုံးနိမ့်ရေးကိုသာ ဦးတည်ကစားနေတာကို တွေ့ရမှာပါ။ ဒ့ါပြင် ကြားရက်မှာလဲ ပြည်တွင်းဖလားပြိုင်ပွဲနဲ့ အမှတ်ပေးပြိုင်ပွဲတွေရှိခဲ့တာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေနဲ့ ဒဏ်ရာရကစားသမားများနေတဲ့ အသင်းတွေကိုတော့ သတိထားချဉ်းကပ်ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံတည်ငြိမ်နေပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### စပါးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးနဲ့ နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိစပါးအသင်းဟာ ကစားပုံကောင်းပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရတာကြောင့် ၁၁ ပွဲကစားအပြီး ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်း ရှုံးနိမ့်ခဲ့တာကလဲ အဝေးကွင်းမှာ အာဆင်နယ်နဲ့ မန်ယူအသင်းတို့ကို ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ စပါးအသင်းဟာ အခုချိန်ထိ အိမ်ကွင်းပွဲစဉ်တွေရှုံးပွဲမရှိခဲ့ဘဲ ရာနှုန်းပြည့် နိုင်ပွဲရရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြကွန်တီရဲ့တိုက်စစ်ပိုင်းမှာ ကစားသမားအလှည့်ကျအသုံးပြုတဲ့စနစ်ဟာ အိမ်ကွင်းမှာ ဂိုးရဖို့လွယ်ပေမဲ့ အဝေးကွင်းတွေမှာတော့ ဂိုးရဖို့ ခက်ခဲနေတာဖြစ်ပါတယ်။ စပါးအသင်းဟာ အခုပြိုင်ပွဲ အိမ်ကွင်းငါးပွဲမှာ တိုက်စစ်ပိုင်းက ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးလေးဂိုးပဲရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အိမ်ကွင်းပွဲစဉ်တွေမှာ အဓိကတိုက်စစ်ကစားသမားတွေဖြစ်တဲ့ ဟယ်ရီကိန်းနဲ့ ဆွန်ဟောင်မင်အတွဲက အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ဟယ်ရီကိန်းက ကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ နည်းပြဟိုဝီလက်ထက်မှာ ခြေစွမ်းပိုင်းနောက်တစ်ဆင့် မြင့်တက်လာတာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ နည်းပြဟိုဝီဟာ အဝေးကွင်းပွဲစဉ်တွေဆို ရမှတ်မဆုံးရှုံးဖို့အတွက် ခံစစ်ပိုင်း အသားပြုကစားလွန်းတာကြောင့် ၄-၃-၃ ကစားကွက်ကနေ အထောင်တိုက်စစ်တစ်ယောက်သာရှိတော့တဲ့ ၄-၂-၃-၁ ပုံစံကို ပြောင်းလဲသွားတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးအဝေးကွင်း လေးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ဝုဗ်၊ လီဗာပူး၊ မန်ယူအသင်းတို့ကို နိုင်ပွဲမရခဲ့ဘဲ ဖူလ်ဟမ်တစ်သင်းတည်းကိုပဲ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အဓိကကစားသမားတွေအပါအဝင် ကစားသမား ငါးယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားအားကျဆင်းသွားနိုင်ပြီး စပါးလို အိမ်ကွင်းတိုက်စစ်ထက်မြက်တဲ့အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ချန်ပီယံဆုကို စိန်ခေါ်ဖို့ အိမ်ကွင်းနိုင်ပွဲရှာရမဲ့ စပါးအသင်းကိုရွေးချယ်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၀ | - | ၀ | စပါး |
| ဘရိုက်တန် | ၀ | - | ၁ | စပါး |
| စပါး | ၃ | - | ၂ | ဖရန့်ဖတ် |
| စပါး | ၂ | - | ၀ | အဲဗာတန် |
| မန်ယူ | ၂ | - | ၀ | စပါး |

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၁ | - | ၁ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၁ | - | ၄ | နယူးကာဆယ် |
| နယူးကာဆယ် | ၅ | - | ၁ | ဘရန့်ဖို့ဒ် |
| မန်ယူ | ၀ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၀ | အဲဗာတန် |

### အတ္တလန္တာအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အတ္တလန္တာအသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံး တွေ့ဆုံခဲ့တာကတော့ ပြီးခဲ့တဲ့ရာသီ စီးရီးအေပြိုင်ပွဲမှာဖြစ်ပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ အတ္တလန္တာအသင်းဟာ စီးရီးအေ ၁၀ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိနဲ့အမှတ်ပေးဇယားအဆင့်(၂) မှာ ဇယားထိပ်က နာပိုလီကိုဖိအားပေးနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အခုရာသီမှာ အဓိကတိုက်စစ်မှူး ဇာပါတာကို လက်လွှတ်ထားရပေမဲ့ ကွင်းလယ်ကစားသမား ကူမီနာ၊ လွတ်မန်းတို့အတွဲက အဓိကသွင်းဂိုးတွေ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြဂတ်စပါရီနီရဲ့ ကစားကွက်အခင်းအကျင်းမှာ ကစားသမားတွေအနေနဲ့ အကောင်းဆုံးလိုက်ပါနိုင်တာကြောင့် ပွဲချိန်အတွင်း ခံစစ်၊ တိုက်စစ်ကို အမြန်ဆုံးပြောင်းလဲနိုင်ခဲ့လို့ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကို သတိပြုရမှာပါ။

နည်းပြဆာရီရဲ့ လာဇီယိုအသင်းဟာ အခုရာသီမှာ အိမ်ကွင်းကစားပုံကောင်းပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းဂိုးရဖို့ ရုန်းကန်နေရသလို ခံစစ်ပိုင်းကလဲ ပေးဂိုးတွေများနေတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ အုပ်စုအဆင့်ကတက်ရောက်ဖို့ ရမှတ်လိုအပ်နေသေးတာကြောင့် အတ္တလန္တာနဲ့ ပွဲကိုလူစုံထုတ်အသုံးမပြုဘဲ ကစားသမားအလှည့်ကျ အသုံးပြုလာမှာ သေချာပါတယ်။ သူတို့အသင်းအနေနဲ့ အခုရာသီစီးရီးအေ အဝေးကွင်းငါးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး နောက်ပိုင်းမှာ ခံစစ်၊ တိုက်စစ် ကျဆင်းလာတာကို သတိပြုရမှာပါ။ ဒါကြောင့် ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ အူဒီးနီးစ်ကို ဂိုးမရှိ သရေရလဒ်ပဲ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ အခု ပြိုင်ပွဲ ၁၀ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၂၁ မှတ်နဲ့ အဆင့် (၅) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံး တိုက်စစ်ကောင်းပေမဲ့ ခံစစ်ကစားပုံနဲ့ ကစားကွက်ပိုင်းမှာတော့ အတ္တလန္တာအသင်းက အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ ခံစစ်တည်ငြိမ်နေတဲ့ အိမ်ရှင် အတ္တလန္တာအသင်းကိုပဲ အားပေးရမှာပါ။

**အတ္တလန္တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန္တာ | ၁ | - | ၁ | ခရီမိုနန်စီ |
| ရိုးမား | ၀ | - | ၁ | အတ္တလန္တာ |
| အတ္တလန္တာ | ၁ | - | ၀ | ဖီအိုရင်တီးနား |
| အူဒီးနီးစ် | ၂ | - | ၂ | အတ္တလန္တာ |
| အတ္တလန္တာ | ၂ | - | ၁ | ဆက်ဆူအိုလို |

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၄ | - | ၀ | စပီဇီယာ |
| စတမ်းဂရေ့ | ၀ | - | ၀ | လာဇီယို |
| ဖီအိုရင်တီးနား | ၀ | - | ၄ | လာဇီယို |
| လာဇီယို | ၂ | - | ၂ | စတမ်းဂရေ့ |
| လာဇီယို | ၀ | - | ၀ | အူဒီးနီးစ် |

### ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘက်တစ်နဲ့ အေတီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နည်းပြ ပယ်လီဂရီနီ တာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာခဲ့တာကြောင့် အမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၅) ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ဝယ်ယူထားတဲ့ ဝီလျံ၊ ဟန်ရီကွီး၊ ဖီလစ်ပီတို့ဟာ နည်းပြပယ်လီဂရီနီရဲ့ကစားကွက်အောက်မှာ အကောင်းဆုံးခြေစွမ်းပြသနိုင်တာကြောင့် ရလဒ်ကောင်းတွေရရှိခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ဘက်တစ်အသင်းဟာ အိမ်ကွင်းငါးပွဲအပြီးမှာ ငါးပွဲစလုံး အနိုင်ကစားနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၀ ဂိုးနဲ့ ခံစစ်က ပေးဂိုးနှစ်ဂိုးပဲရှိခဲ့တာကြောင့် အိမ်ကွင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ အီဂယ်စီယာက သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အီဂယ်စီယာဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အနားရထားတာကြောင့်လဲ အခုအိမ်ကွင်းပွဲစဉ်မှာ အကောင်းဆုံးပုံစံနဲ့ ပွဲထွက်လာမှာသေချာပါတယ်။

အေတီကိုအသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ နောက်ပိုင်းမှာ ခြေစွမ်းပိုင်းကျဆင်းလာတာကြောင့် အမှတ်ပေး ၁၀ ပွဲကစားအပြီးမှာ ရမှတ် ၂၀ နဲ့ ဘက်တစ်အသင်းနဲ့ ရမှတ်တူပြီး ဂိုးကွာခြားချက်နဲ့အဆင့် (၄) မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ နည်းပြဆီမွန်နီဟာ ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ မိုရာတာ၊ ဂရစ်ဇ်မန်း၊ ဂျာအိုဖီးလစ်၊ ကော်ရီယာတို့လို တိုက်စစ်မှူးတွေပိုင်ဆိုင်ထားပေမဲ့ ပြိုင်ပွဲစုံကိုတော့ ဂိုးရဖို့ ရုန်းကန်နေရတာကို သတိပြုရမှာပါ။ အထူးသဖြင့် သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကလပ်ဘရူဂျက်၊ ပေါ်တို၊ လေဗာကူဆင်တို့နဲ့ ကျရောက်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ကြောင့် လေးပွဲကစားအပြီး ရမှတ်လေးမှတ်ပဲရရှိခဲ့တာကြောင့် လာမဲ့ပွဲစဉ်တွေမှာ နိုင်ပွဲရမှ အုပ်စုကကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဘက်တစ်အသင်းနဲ့ ပွဲစဉ်ပြီးရင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လေဗာကူဆင်နဲ့ ကစားရမှာဖြစ်လို့ အမှတ်ပေးပြိုင်ပွဲဟာ သူတို့အသင်းအတွက် အရေးမကြီးသေးတာကြောင့် အနိုင်ရဖို့ထက် ရမှတ်မဆုံးရှုံးဖို့ကိုပဲ ဦးတည်သွားနိုင်ပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံကောင်းနေတဲ့ ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၁ | - | ၂ | ဘက်တစ် |
| ဗယ်လာဒိုးလစ် | ၀ | - | ၀ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ရိုးမား |
| ဘက်တစ် | ၃ | - | ၁ | အယ်မာရီယာ |
| ကာဒီဇက် | ၀ | - | ၀ | ဘက်တစ် |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရူဂျက် | ၂ | - | ၀ | အေတီကို |
| အေတီကို | ၂ | - | ၁ | ဂျီရိုနာ |
| အေတီကို | ၀ | - | ၀ | ဘရူဂျက် |
| ဘီလ်ဘာအို | ၀ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၁ | မယ်လ်ကာနို |

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ရွှေ**

**အသက် (၉၀) နှစ်**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး-ဒေါ်သီတာဇင်တို့၏ ဖခင် **ဦးတင်ရွှေ** သည် ၂၀-၁၀-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
**Email Address – accm@accm.gov.mm။**
**Website Address – http://www.accm.gov.mm**

# ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲ ကျင်းပမည်



**ပြည် အောက်တိုဘာ ၂၁**

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေဆံတော်ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် ၂၆၁၁ နှစ်ပြည့်အဖြစ် အောက်တိုဘာ ၃၁ ရက်မှ စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီတွင် ဘုရားအနေကဇာတင်ပြုလုပ်ကာ နံနက် ၇ နာရီ မိနစ် ၃၀ တွင် ၂၆၁၁ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် မြတ်စွာဘုရားအား ရည်မှန်း၍ သံဃာတော်အပါး ၁၀၉ ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီ မိနစ် ၃၀ တွင် ဗုဒ္ဓမြတ်စွယ်တော်ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ရင်ပြင်တော်ပေါ်၌ ရွှေဆံတော်စေတီတော်မြတ်ကြီးကို လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ခံမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက် ည ၇ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်သိမ်းဆည်းခြင်း အောင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်မြို့ရှိ လေးဆူဓာတ်ပျော်၊ ရွှေဆံတော် စေတီတော်မြတ်ကြီး ထူးခြားမှုမှာ အရှုဏ်ဆွမ်းရိုးမီးပူဇော်ပွဲဖြစ်ပြီး အဆိုပါ အရှုဏ်ဆွမ်းရိုးမီးပူဇော်ပွဲတော်ကို တပို့တွဲလတွင် ကျင်းပလေ့ရှိပြီး လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှံသာထုံးများအပါအဝင် ညံ့ရိုးချောင်းများကို မီးပုံပေါ်သို့အဝေးမှ ပစ်တင်ပြီး ဝတ်ပြုဆုတောင်း၊ မီးကုသိုလ်ပြုပူဇော်ခြင်းဖြစ်ပြီး ပွဲတော်ကို ဒေသတွင်း ရိုးရာအစဉ်အလာအဖြစ် ကျင်းပပြုလုပ်ကြခြင်းဖြစ်ကြောင်း ရွှေဆံတော်ဂေါပကအဖွဲ့မှ သိရသည်။

**ချမ်း ချမ်း**

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ ရေရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်ရည်ရွယ်၍ ယခုဘဏ္ဍာနှစ် နိုင်ငံတော်ပုံပိုးရန်ပုံငွေဖြင့် ကော့ဒါန်းမယ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကော့ဒါန်းမယ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် အိမ်တိုင်ရာရောက် ရေတိုင်၊ ရေမီတာ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ရေပိုက်လိုင်းအရှည်ပေ ၅၀၀၀ တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဆိုပါလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းကို ယခုဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံ ငွေကျပ် ၁၈ ဒသမ ၈ သန်းအပြင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၇၆ သန်းဖြင့် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကော့ဒါန်းမယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံး ရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ခရိုင် ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

၈-၈-၂၀၂၂

# KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ပြီး လူနေရပ်ကွက်အတွင်း ဝင်ရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် အောက်တိုဘာ ၂၁**


KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနအဆောက်အအုံများအတွင်း ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNU/KNLA တပ်မဟာ (၆) တပ်ရင်း (၁၇၊ ၁၈၊ ၂၇)မှ သောင်းကျန်းသူများ၊ KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကော့ကရိတ်မြို့၊ မြဝတီမြို့နှင့် သင်္ကန်းညီနောင်မြို့ စသည့် မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်ခြင်း၊ နယ်မြေခံတပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များတည်ရှိသည့်နေရာ၊ စခန်းများနှင့် လှုပ်ရှားစစ်ကြောင်းများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများလုပ်ဆောင်ရန်စီစဉ်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများထံမှ ကြိုတင်သတင်းရရှိခဲ့သဖြင့် တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့လုံခြုံရေးများကို နေ့ညမပြတ်အသင့်စောင့်ဆိုင်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နေ့ညမပြတ်အသင့်စောင့်ဆိုင်းလျက်ရှိစဉ် သောင်းကျန်းသူများနှင့် အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် လက်နက်ကြီးများဖြင့် ကော့ကရိတ်မြို့အတွင်းသို့ အဝေးမှ စတင်ပစ်ခတ်ခဲ့ပြီး နံနက် ၈ နာရီခန့်တွင် အင်အားသုံး၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ကော့ကရိတ်မြောက်ဘက်ရှိ ခင်နိမ်းမူအိမ်ရာဂိတ်(၃)သို့လည်းကောင်း၊ အဘောဘုရားကုန်း၊ ကြောင်လျှာကုန်း ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ မြို့နယ်လမ်းမကြီးရှိ လမ်းလုံခြုံရေးနေရာများသို့လည်းကောင်း

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**KNU / KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်မှု ဖြစ်စဉ်ပြပုံ**




**သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ - ၂၂

**ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၇ ရက်ထိ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၁၅ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၂၀

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသံစိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ဓနုဖြူ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု